# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# ၁၁ ရက် မြောက်နေ့ မှတ်တမ်း

**၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**

**(၂၀၁၁ ခုနှစ်၊ မတ်လ ၁၆ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပ ပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ၁၁ ရက် မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၁ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀ း ၀၃ ။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိတဲ့အနက် အစည်းအဝေးကို (၄၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၃၁) ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ယနေ့ အစည်းအဝေးနဲ့ပတ်သက်ပြီး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပါတယ်။ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀ း ၀၅ ။**

**ဥက္ကဋ္ဌ။** ။ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်း မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်အတွက် ကိုယ်စားတင်ပြ ခွင့်ပန်ခြင်းဖြစ်ပါတယ်။ ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ဟာ အစာအိမ် ရောဂါကြောင့် နေထိုင်မကောင်းဖြစ်နေပါတယ်။ ယနေ့နံနက် ၉း၀၀ နာရီက နေပြည်တော် ဧည့်ရိပ်သာဆေးခန်းတာဝန်ခံ ဆရာဝန်က ဦးဘရှိန်အား နေပြည်တော် ကုတင် ၁၀၀၀ ဆေးရုံကို စေလွှတ်ပြီး ဆေးကုသခံယူရန် ညွှန်ကြားထားပါတယ်။ အဲဒါကြောင့် ယနေ့ ၁၆-၃-၂၀၁၁ နေ့ တစ်ရက်ကို ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်အတွက် ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ရိုသေလေးစားစွာ တင်ပြခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံ မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနု ကိုယ်စား ခွင့်တိုင်ကြား ပေးမှာဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနုသည် ယမန်နေ့ည ၁၅-၃-၂၀၁၁ ခုနှစ်ညအချိန်က အစားမှားပြီး ဝမ်းကိုက်ရောဂါဖြစ်ကာ စည်ပင်ဧည့်ရိပ်သာတွင် ဆေးကုသ အနားယူနေရပါသဖြင့် ယနေ့ ခွင့်တစ်ရက်ပေးပါရန် လေးစားစွာဖြင့် ခွင့်တောင်းခံအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနု အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၇ ။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၄၃၃)ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူတစ်ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ နှစ်ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း သုံးဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်သူ့ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုကြောင်းမှတ်တမ်းတင် ကြေညာပါတယ်။ ( ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀ း ၀၈ ။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း ဆောင်ရွက်မှာဖြစ်ပါတယ်။

**အောင်ပန်း-ဟန်မြင့်မိုရ်လမ်း အဆင့်မြှင့်ပြင်ဆင်ပေးရန် အစီအစဉ်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ပထမဦးစွာ ရှာငံ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက အောင်ပန်း-ဟန်မြင့်မိုရ် လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ်နှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၀ း ၀၉ ။**

**ဦးအောင်သိန်း(ရှာငံ မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကောင်းကျိုးလိုရာဆန္ဒနဲ့ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်မြေဒေသတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့မှုအပေါ်မှာ အဓိကမူတည်နေပါတယ်။ အောင်ပန်း-ဟန်မြင့်မိုရ်လမ်းဟာ ကျောက်ဆည်မြို့နဲ့ ရှာငံမြို့နယ်၊ ပင်းတယမြို့နယ်၊ ကလောမြို့နယ်တို့ကိုဖြတ်ပြီး ဖောက်လုပ်ထားတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အထက်မြန်မာပြည်ဆက်သွယ်ရာ ဗျူဟာလမ်းဖြစ်သလို ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရဲ့ အဓိကလမ်းလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းဟာ ယခင် အစိုးရများလက်ထက်ကတော့ လှည်းလမ်းသာသာလေးပဲ ရှိခဲ့ပါတယ်။ ၁၉၈၉ခုနှစ်နောက်ပိုင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာမှ ရာသီမရွေး၊ အချိန်အခါမရွေး

သွားလာနိုင်တဲ့ လမ်းဖြစ်လာခဲ့ပါတယ်။ လမ်းကောင်းလာတာနဲ့အမျှ ယာဉ်သွားလာမှုမှာလည်း ခါတိုင်းထက် ပိုမိုပေါများလာခဲ့ရာ ဒေသတွင်းနေ တိုင်းရင်းသား ပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး အပိုင်းတွေမှာလည်း တိုးတက်လာခဲ့တာ အမှန်ပင် ဖြစ်ပါတယ်။ ဒါပေမယ့် ယခုအချိန်အခါမှာ လမ်းကြောင်းပေါ်မှာရှိတဲ့ တံတားတချို့နဲ့ လမ်းအပိုင်း နေရာ တော်တော်များများမှာ ဆိုးဆိုးရွားရွား ပျက်စီးလာနေတာကို မြင်တွေ့နေရပါတယ်။ သို့ဖြစ်ရာ လိုအပ်တဲ့နေရာတွေမှာ လက်ရှိအနေအထားမှ အဆင့်မြင့်မြင့် ပြန်လည်ပြင်ဆင်ပေးဖို့ အစီအစဉ် ရှိပါသလား။ ဒါမှမဟုတ် B.O.T စနစ်ဖြင့် ပြန်ပြင်ဆင်ပေးဖို့ အစီအစဉ်ရှိပါသလား။ အစီအစဉ် မရှိသေးပါက ဓနုဒေသ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ပေး နိုင်မယ်ဆိုတာကို သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးခင်မောင်မြင့်(ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပြီးတော့ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ နယ်မြေ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့မှုပေါ်မှာ မူတည်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြန်မာပြည်အထက်ပိုင်း ဆက်သွယ်ရာ မဟာဗျူဟာလမ်းဖြစ်သော အောင်ပန်း-ဟန်မြင့်မိုရ်လမ်းဟာ ဖွံ့ဖြိုးမှု၊ တိုးတက်မှု နည်းနေပြီဖြစ်တဲ့အတွက် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ အဓိက လမ်းဖြစ်ပါသဖြင့် အဆိုပါလမ်းအား ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းခြင်းအား ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ဟန်မြင့်မိုရ်၊ မြို့ကြီး၊ ရွာငံ၊ အောင်ပန်းလမ်းဟာ ၇၉ မိုင် ၁ ဖာလုံ ရှည်လျားပါတယ်။ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့ကို ဆက်သွယ်ထားတဲ့ ဒေသအတွင်းမှာ အရေးပါတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ ၁၉၈၂ခုနှစ်အထိ ကျောက်လမ်း အဆင့်သာရှိပြီး ကျောက်တောင်၊ လမ်းကျဉ်းလမ်းကွေ့များသော၊ သွားလာမှု နည်းပါးသော လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ အောင်ပန်း၊ ပင်းတယဒေသမှ အဓိကထွက်ကုန်များ မန္တလေးတိုင်း

ဒေသကြီးသို့ အချိန်တိုအတွင်းမှာ ပို့နိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျသော လမ်းကြောင်းဖြစ်ပါတယ်။ ဒါကြောင့် မို့လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီး ၁၉၉၃ခုနှစ်မှ စတင်ပြီး ကတ္တရာလမ်းအဆင့် မြှင့်တင်ပြီး ဆောင်ရွက်တဲ့နေရာမှာ ၁၉၉၆ ခုနှစ်တွင် ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် မြှင့်တင်ပေးပြီး ဖြစ်ပါတယ်။ သို့သော်လည်း ၂၀၀၄-၂၀၀၅ခုနှစ် ကစပြီး မြို့ကြီးဆည်တည်ဆောက်ရေး လုပ်ငန်းခွင်မှာသုံးသော ယာဉ်ကြီးများ ဖြတ်သန်းမှုများပြား ခြင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ ကုန်စည်များ သယ်ပို့သော ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်း အသုံးပြုမှုများပြားခြင်းတို့ကြောင့် လမ်းမျက်နှာပြင်အချို့ ပျက်စီးမှုများ ပေါ်ပေါက်လာပါတယ်။ ဒီလမ်းပိုင်းနဲ့ ပတ်သက်ပြီး ပြောမယ်ဆိုရင် မန္တလေးတိုင်းဒေသကြီးအပိုင်းက ၁၀မိုင်နဲ့ ၆ဖာလုံ ပါဝင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းမှာ ၆၈ မိုင်နဲ့ ၃ ဖာလုံ ပါဝင်ပါတယ်။ စောစောက လမ်းမျက်နှာပြင် ပျက်စီးတဲ့ နေရာတွေကို ပြန်ကြည့်မယ်ဆိုရင် မန္တလေးတိုင်းဒေသကြီး အပိုင်းကတော့ ၁ မိုင်ခန့်နဲ့ ရှမ်းပြည်နယ် တောင်ပိုင်း ၉ မိုင်ခန့် စုစုပေါင်း ၁၀မိုင်ခန့် ပျက်စီးခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် တောင်ပိုင်းမှ ၃ မိုင်နဲ့ ၆ ဖာလုံ အား မျက်နှာပြင်ညှို ရေပိတ်လွှာခင်းခြင်း၊ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း များ ဆောင်ရွက်ပြီးတဲ့အတွက် ၆ မိုင်နဲ့ ၂ ဖာလုံဟာ ၂၀၁၁-၂၀၁၂ခုနှစ်မှာ ဆက်လက်ပြီး ကျန်တဲ့ဟာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နဲ့ ပတ်သက်လို့ ကျန်တဲ့ ၆ မိုင် ၂ ဖာလုံ ပြုလုပ်မှာဖြစ်တဲ့ အတွက် ဒီလမ်းဟာ လည်း အဆင်ပြေချောမွေ့တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောက်တောင် လမ်းကျဉ်းနေရာများကို လည်း ဒီနှစ်မှာ ၂ ဖာလုံ ကျောက်မိုင်းခွဲပြီး လမ်းချဲ့ခဲ့ ခြင်းဖြစ်ပါတယ်။ လာမယ့် ဘဏ္ဍာရေးနှစ်မှာ လည်း ဆက်လက်ပြီး လမ်းချဲ့လုပ်ငန်းများလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၅ ပေ အရှည် ၊ ၂၈ ပေအကျယ် သံကူကွန်ကရစ် တံတား ၂ စင်း အသစ် လည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ တံတားများကိုလည်း နှစ်အလိုက် တိုးချဲ့ဆောင်ရွက်တဲ့ နေရာမှာ ယခုနှစ် မန္တလေးတိုင်း ဒေသကြီးအပိုင်းက ၉၆ပေ အရှည်ရှိတဲ့ တံတားအမှတ် ၁/၇ နွားတက် တံတားဟာလည်း သံကူ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပြီး ဖြစ်ပါတယ်။ ၅ ပေအရှည်၊ ၂၈ ပေအကျယ် ရှိတဲ့ သံကူ ကွန်ကရစ် တံတား ၁ စင်း၊ မူလက ၁၂ ပေအကျယ်ရှိတဲ့ သံကူကွန်ကရစ် တံတား ၆ စင်း၊ အဲဒါတွေ အားလုံး ၂၈ပေ လမ်းအဖြစ်ချဲ့ပြီး ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ဖော်ပြပါ တိုးတက်ပြုပြင်မှုများနဲ့ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အနီးစပ်ဆုံးဖြစ်တဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် တစ်နှစ်သာ လျှင် ဆောင်ရွက်မှုကို တင်ပြနေခြင်းဖြစ်ပါတယ်။ ယခင်နှစ်များကလည်း အလားတူ ထိန်းသိမ်းခြင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုလည်း အဆင့်ဆင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခု ၂၀၁၀-၂၀၁၁မှာ မျက်နှာပြင်ကြမ်းခင်းများ ၃ မိုင် ၆ ဖာလုံ မျက်နှာပြင်ညှိခြင်း၊ ရေပိတ်လွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးတဲ့အပြင် ကျန်မျက်နှာပြင်များလည်း ချောမွေ့ရန် ဆောင်ရွက်ထားတဲ့ အတွက် ယခင် ကာလများထက် ချောမွေ့စွာ သွားလာနိုင်ကြောင်းကိုလည်း ကိုယ်စားလှယ်တော်ကြီး အပြန်ခရီးမှာ တွေ့ရှိနိုင်မယ်လို့လည်း ယူဆရပါတယ်။ ဒါကြောင့်မို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေနဲ့ လမ်းအလိုက်၊ ဦးစားပေးအဆင့်အလိုက် စီမံချက်များ ချမှတ်ပြီး နှစ်စဉ်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ဟန်မြင့်မိုရ် - အောင်ပန်း - ရွာငံလမ်းများကိုလည်း အဆင့်မြှင့် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ဒို့အပြင် B.O.T လုပ်ငန်းဆောင်ရွက်မှုအခြေအနေအနေနဲ့ B.O.Tဆိုတာ B.O.T တာဝန်ယူတဲ့ ကုမ္ပဏီနဲ့ ပုဂ္ဂိုလ်ရှိမှသာ ဆောင်ရွက်ပေးနိုင်တာ ရှိပါတယ်။ B.O.T ကုမ္ပဏီနဲ့ဆောင်ရွက်မယ့်သူမရှိပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကပဲ ဆက်လက်ပြီး တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မိုးညှင်း မဲဆန္ဒနယ်မှ ဦးကျော်စိုးလေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးကို ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀ း ၁၇။**

**ဦးကျော်စိုးလေး(မိုးညှင်း မဲဆန္ဒနယ်)။** ။ လေးစားဂါရဝပြုအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးညှင်း မြို့နယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး-ရွှေဘို- မြစ်ကြီးနား ကားလမ်းမကြီး ပြုပြင်ထိန်းသိမ်းခြင်းနဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနဲ့ စပ်လျဉ်း၍ မေးမြန်း တင်ပြဆွေးနွေးအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ လမ်းပန်းဆက်သွယ်မှု ကွန်ယက် ဖြန့်ကျက်လွှမ်းမိုးမှုဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့တဲ့ အတွက် ဒေသခံတိုင်းရင်းသားပြည်သူများဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရ ပါတယ်။ အဲဒီအနက် ကျွန်တော်တို့ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးကို ဖောက်လုပ်ပေးခဲ့တဲ့ အတွက်လည်း ကျွန်တော်တို့ ကချင်ပြည်နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးမှ ဒေသခံတိုင်းရင်းသား ပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက် ရှိပါတယ်။ သို့သော်ငြားလည်း မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး စတင် ဖောက်လုပ်စဉ်က ကျွန်တော်တို့ ကချင်ပြည်နယ်နဲ့ မန္တလေးမြို့ကို အချိန်တိုအတွင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ယခုအခါ လမ်းပိုင်းများစွာ

ပျက်စီးနေခြင်း၊ အထူးသဖြင့် မိုးရာသီကာလမှာ လမ်းနဲ့တံတားများ ပျက်စီးနေခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ကချင်ပြည်နယ် ဒေသခံတိုင်းရင်းသား ပြည်သူများအနေနဲ့ အားကိုးအားထားပြုလောက်တဲ့ မန္တလေး-ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီးမှာ သွားလာမှု ကြန့်ကြာနေမှုများဖြစ်ထွန်းလျက်ရှိပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ အနေနဲ့ ကျွန်တော်တို့ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးကို ဆက်သွယ် ဖောက်လုပ်ထားတဲ့ မန္တလေး-ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီး ပြုပြင်ထိန်းသိမ်းခြင်းနဲ့ အဆင့်မြှင့် တင်ခြင်းလုပ်ငန်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို မဲဆန္ဒရှင် ပြည်သူများ သိရှိလိုတဲ့ အတွက်မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၁၉ ။**

**ဦးခင်မောင်မြင့်(ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေး၏ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနဲ့ ပတ်သက်ပြီး မေးမြန်းသည့်ကိစ္စကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းဟာ မိုင်ပေါင်း ၃၅၉ မိုင် ရှည်လျားပြီး မူလက မန္တလေး-ရွှေဘိုလမ်းနဲ့ဆက်စပ်ပြီး ရွှေဘို-မြစ်ကြီးနားကို လမ်းသစ်ဖောက်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ၁၉၆၂-၁၉၆၃ခုနှစ်က အဆင့်ဆင့် ခက်ခဲစွာ ဖောက်လုပ်ပေးပြီး မြေသားလမ်း၊ ကျောက်လမ်းမှ ၁၂ ပေ အကျယ် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခဲ့တဲ့အချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ၁၉၉၄-၁၉၉၅ မှစတင်ပြီး ၁၉၉၆ခုနှစ်၊ စက်တင်ဘာလတွင် ပြီးစီးခဲ့ပါတယ်။ အဲဒါကြောင့်မို့လည်း ကတ္တရာလမ်းသစ်ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ် အတွင်းမှာတော့ ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလတွင် ကတ္တရာလမ်းသစ် ဖွင့်လှစ်နိုင်ခဲ့တဲ့ အတွက် ရွှေဘို- မြစ်ကြီးနား လမ်းမကြီးဟာ ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလမှာ အားလုံးကတ္တရာလမ်းအဆင့်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ကတ္တရာလမ်းအဆင့် ရောက်ရှိချိန်ကစပြီးတော့ ရွှေဘို-မြစ်ကြီးနားလမ်းသည် ဒေသအတွင်းမှာ အရေးပါသည့် လမ်းတစ်လမ်းဖြစ်ခဲ့ပြီး အဆင့်မီကောင်းမွန်တဲ့ လမ်းတစ်လမ်းအဖြစ် မှတ်တမ်းတင်ခြင်း ခံခဲ့ရပါတယ်။ ဆက်လက်ပြီး ထိန်းသိမ်းခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်း

ဒေသကြီး အင်ဂျင်နီယာမှူးကြီးနဲ့ ကချင်ပြည်နယ်အင်ဂျင်နီယာမှူးကြီးတို့၏ အနီးကပ် ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင်၊ကသာခရိုင်၊မိုးညှင်းခရိုင်၊ မြစ်ကြီးနားခရိုင် အင်ဂျင်နီယာမှူးများနဲ့ မြို့နယ်အင်ဂျင်နီယာမှူးများက နှစ်စဉ်ဆက်လက်ပြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသော်လည်း အောက်ခံမြေသားအားနည်းခြင်း၊ တောင်ပေါ်လမ်းပိုင်းများတွင် မိုးရွာသွန်းမှုများပြားခြင်း၊ ဖားကန့်ဒေသသို့ စက်ယာဉ်၊ ယန္တရားကြီးများ ရွှေ့ပြောင်းသယ်ယူခြင်း ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များရဲ့ သစ်လုံးတင်ယာဉ် ကားကြီးများ လွန်ကဲစွာတင်ဆောင်ဖြတ်သန်းခြင်းတို့ကြောင့် လမ်းရဲ့ခံနိုင်ရည်ဝန်ကျဆင်းလာပြီး သတ်မှတ်ကာလမရောက်မီ ပျက်စီးသွားခြင်းဖြစ်ပါတယ်။ ယခုအခါ လမ်းအဆင့်နိမ့်ကျလျက်ရှိသော ရွှေဘို-မြစ်ကြီးနားလမ်းကြီးဟာ သတ်မှတ်ကာလအတွင်း ကောင်းမွန်စွာ ပြီးစီးနိုင်အောင် တိုင်းရင်းသား ကုမ္ပဏီများနဲ့ ပူးပေါင်းပြီး B.O.T( Build Operate Transfer) အဆင့်နဲ့ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများ၏ စက်၊ ယာဉ်၊ ယန္တရားများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့၏ အင်အားများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေတောင်ကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင်တိုင် ၂၇ မိုင်မှ ၇၇မိုင် ၄ဖာလုံအထိ ၅၀မိုင် ၄ဖာလုံအား ၂၄ပေအကျယ် တန် ၆၀ခံ လမ်းလွှာပုံစံဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါပြီ။ ဆုထူးပန် ကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင်တိုင် ၁၄၀မှ ၁၆၈မိုင်အထိ ၂၈မိုင် အား ၁၂ ပေအကျယ် ကတ္တရာလမ်းအဆင့် ၁၈မိုင်ဆောင်ရွက်လျက်ရှိပြီး ကျန် ၁၀ မိုင်အား ဒု-အခြေခံလွှာတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ခိုင်မာသောပန်းတိုင် ကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင်တိုင် ၁၆၈မိုင်မှ ၂၅၇မိုင်အထိ ၈၉ မိုင်အား မူလကတ္တရာလမ်းအဆင့်ထိ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးသွားသော လမ်းပိုင်းများကိုလည်း အောက်ခံမြေ အစားထိုး ပြုပြင်ခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ လီဒိုဟိုင်းဝေးကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင်တိုင် ၂၅၇မိုင်မှ ၂၈၉မိုင်အထိ ၃၂မိုင်အား ကတ္တရာလမ်း အဆင့်မြှင့်တင်ထိန်းသိမ်းရေးများကို တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ B.O.T ကုမ္ပဏီများမှ မိမိတာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ လမ်းအပိုင်းများတွင် လမ်းအားလက်ရှိချောမွေ့သွားလာနိုင်အောင် ဆောင်ရွက်ခြင်း၊ မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းအား ဆက်လက် ထိန်းသိမ်းခြင်း၊ တန် ၆၀ ခံ သတ်မှတ် လမ်းပုံစံလွှာအတိုင်း ၂၄ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်း၊ လမ်းအထောက်အကူပြု လုပ်ငန်းများဖြစ်သည့် မြေထိန်းနံရံမြေကာများ၊ တံတားကြီး၊ တံတားငယ်များ၊ ရေထုတ်မြောင်းများ၊ ရေပြွန်များ စသည့်လုပ်ငန်းအဆင့်ဆင့်ကို ရည်မှန်းချက်ထားကာဆောင်ရွက်နေကြောင်း တင်ပြလိုပါတယ်။ ယနေ့အထိ B.O.T ကုမ္ပဏီ ၄ ခုက ဆောင်ရွက်နေသည့် လမ်းပိုင်း ၂၆၁ မိုင် ၄ ဖာလုံအား ဆောင်ရွက်ပြီးဖြစ်၍ ၁၂၀မိုင်အား ၁၂ပေ အကျယ်

ကတ္တရာလမ်းခင်းခြင်းနဲ့ ၃၀မိုင်အား ၂၄ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများကို စက်၊ ယာဥ်၊ ယန္တရား ၉၀ စီးဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၏ လမ်းပျက်စီးမှု အများဆုံးဖြစ်သည့် မင်းဝံတောင်ပိုင်းတွင် မိုင်တိုင် ၇၇မိုင် ၄ ဖာလုံမှ ၁၄၀မိုင်အထိ ၆၂မိုင် ၄ဖာလုံအား ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တိုင်းရင်းသားကုမ္ပဏီ ၉ဖွဲ့ ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မှ ခရိုင် ၂ ဖွဲ့ဖြင့် စတင်ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများမှ စက်၊ ယာဥ်၊ ယန္တရား၊ လူအင်အားတို့ဖြင့် ဆောင်ရွက်ရှိပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ကုမ္ပဏီအဖွဲ့များမှ ဆောင်ရွက်နေသည့် ၆၂ မိုင် လုပ်ငန်းပြီးစီးမှုများကို ဒီနေရာမှာ ရှင်းလင်း ပြောကြားလိုပါတယ်။ လမ်းတာဘောင် အကျယ် ၅၀ပေချဲ့ခြင်းက ၂၆မိုင် ၄ဖာလုံ၊ လမ်းတာဘောင် ၃ ပေ မြှင့်တင်ခြင်းက ၅မိုင်၊ ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်းက ၃ မိုင် ၆ ဖာလုံတို့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ စက်၊ ယာဥ်၊ ယန္တရား ၅၅ စီး ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းလုပ်ငန်းများနဲ့အတူ တစ်ပြိုင်နက်တည်း တံတားကြီး၊ တံတားငယ် ၄၂၈ စင်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်ကာလများက ချောင်းရေကျချိန် စောင့်ဆိုင်းနေရ၍ ခက်ခဲစွာ ကူးရသော မိုင်တိုင် ၇၇ မိုင်မှာ ရှိတဲ့ ဇော်ချောင်းတံတား ဟာ ၁၈၀ ပေအရှည် ၂ လမ်းသွား သံကူ ကွန်ကရစ် တံတားအဖြစ်တည်ဆောက်ပြီး ၂၀-၁-၂၀၁၁ ရက် နေ့မှာ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါ တယ်။ ဒါ့အပြင် ယခင်က ကုန်စည်စီးဆင်းမှုကို အဟန့်အတား ဖြစ်စေတဲ့ နမ့်ခွန်တံတားကိုလည်း တန် ၆၀ ခံ ၃၅၀ပေ အရှည်ရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ယက်မ ၂ လမ်းမောင်း တံတားအဖြစ် တည်ဆောက်ပြီး မကြာမီမှာ အောင်မြင်စွာ ဖွင့်လှစ်နိုင်တော့မှာ ဖြစ်တဲ့အပြင် ပေ ၂၈၀ ရှိတဲ့ မန်ရွဲ့ ဘေလီတံတား၏ ကမ်းကပ်ခုံ ၂ ခုနဲ့ ရေလယ်တိုင် ၂ ခုကိုလည်း ရေတွင်းခွေအုတ်မြစ်နဲ့ သံကူ ကွန်ကရစ်တိုင်အဖြစ် အားဖြည့်ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းတစ်လမ်းလုံး သက်တမ်းပြည့် ခံနိုင်ဖို့ ဆိုတာ လမ်းအသုံးပြုသူများရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အသိတရားဟာ အလွန်အရေးကြီးပါတယ်။ သတ်မှတ်တန်ချိန်ထက် ပိုတင်ဆောင်တဲ့ တန်ပိုယာဥ်ကြီး တွေ ဖြတ်သန်းအသုံးပြုမယ်ဆိုရင်တော့ ၁၀နှစ်ခံမယ့်လမ်းဟာ ၂နှစ် ၊ ၃နှစ်နဲ့ပျက်စီးမှာဖြစ်ပါတယ်။ ဒီလိုလမ်းများ ပျက်စီးသွားမှုဟာ နိုင်ငံတော်အတွက်ရော၊ ဒေသခံပြည်သူအတွက်ပါ များစွာ ဆုံးရှုံးမှု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒေသခံကိုယ်စားလှယ်တော်ကြီးများမှတဆင့် ဒေသခံပြည်သူများကို မေတ္တာရပ်ခံလိုတာကတော့ မိမိဒေသအတွင်းမှာ ပြည်ထောင်စုလမ်းမကြီးတွေ မပျက်စီးရအောင်၊ ကုန်တင်ယာဥ်ကြီးများ စနစ်တကျစည်းကမ်းဖြင့် တင်ဆောင်အသုံးပြုရန်အတွက် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ် မေတ္တာရပ်ခံ ပြောကြားပေးဖို့လိုပါတယ်။ ဒါကြောင့်မို့ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဟာ

နိုင်ငံတော်နဲ့ ဒေသမှာ အရေးပါသော လမ်းမကြီးဖြစ်တဲ့အတူ အချိန်တို အတွင်းမှာ စံချိန်စံညွှန်းမီတဲ့ လမ်းတစ်ခုဖြစ်ပေါ်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းချဲ့ခြင်း၊ လမ်းသားမြှင့်တင်ခြင်း၊ ထိန်းသိမ်းခြင်း၊တံတားများ အဆင့်မြှင်တင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေပါကြောင်းနဲ့ ပြီးစီးသွားသော လမ်းတံတားများကိုလည်း ရေရှည်အသုံးပြုနိုင်ရေး အတွက် လမ်းလည်းလမ်းအလိုက်၊ ယာဥ်လည်းယာဥ်အလိုက် စည်းကမ်းတကျ သွားလာနိုင်ရေး ဒေသခံ ပြည်သူများကို ကိုယ်စားလှယ်တော်ကြီးမှတဆင့် ပြန်လည်ပြောကြားပေးပါရန် မေတ္တာရပ်ခံ ပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးထွန်းထွန်း ၊ မံစီ မဲဆန္ဒနယ်မှ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**မန္တလေး-ဗန်းမော် မော်တော်ကားလမ်းကို ပြုပြင်မွမ်းမံထိန်းသိမ်းပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်း**
**အချိန်၊ ၁၀း ၂၈ ။**

**ဦးထွန်းထွန်း(မံစီ မဲဆန္ဒနယ်) ။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရွှင်လန်းပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မန္တလေး-ဗန်းမော် ဖောက်လုပ်ထားတဲ့ ကားလမ်းမကြီးနှင့်ပတ်သက်၍ အနည်းငယ်တင်ပြ မေးမြန်းလိုပါတယ်ခင်ဗျား။ ယခုအချိန်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လမ်းပန်းဆက်သွယ်ရေးအခန်းကဏ္ဍ၌ ယခင်ကာလများနှင့်မတူ ချောမွေ့သွားလာနိုင်အောင် စီစဥ် ဆောင်ရွက်ပေးသွားသည့်အတွက် အများပြည်သူများ၏ စီးပွားရေး ၊ လူမှုရေး၊ ကျန်းမာရေး ၊ ပညာရေးစသည့် ကိစ္စအဝဝတွင် အဆင်ပြေမှု ၊ တိုးတက်မှုများရှိ၍ အများပြည်သူများဟာ နိုင်ငံတော် အစိုးရ ကို ကျေးဇူးတင်မဆုံး ရှိနေခဲ့ရပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အကြားမှာ လည်းပဲ မန္တလေး-ဗန်းမော် ကားလမ်းမကြီးကို ဖောက်လုပ်ပေးခဲ့သည့်အတွက် ကျွန်တော် တို့ မံစီမြို့နယ်အပါအဝင် ပြည်နယ်အတွင်းရှိ ဒေသခံ ပြည်သူများရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်ကို ကျေးဇူးတင်မဆုံးဖြစ်ကြရသည့်အပြင် မန္တလေး-ဗန်းမော် ကားလမ်းမကြီးဟာ ဖောက်လုပ်စဥ်ကာလက ကောင်းမွန်ခဲ့သော်လည်း ယခုအချိန်မှာ နေရာတော်တော်များများဟာ ပျက်စီးယိုယွင်းလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ခရီးသွားပြည်သူများ အတိဒုက္ခရောက်ကြပါတယ်။ ဒါကြောင့်မို့ မန္တလေး-ဗန်းမော်ကားလမ်းမကြီးကို အများပြည်သူများ ပြန်လည်ချောမွေ့စွာ

သွားလာ နိုင်ရေးအတွက် ပြုပြင်မွမ်းမံပေးခြင်းနှင့် အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းများကို မည်သို့ မည်ပုံ ဆက်လက်ဆောင်ရွက် သွားမှာကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးခင်မောင်မြင့် (ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကချင်ပြည်နယ် ၊ မံစီမြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းရဲ့ မန္တလေး-ဗန်းမော်ကားလမ်း ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ အဆင့်မြှင့် တင်ပေးခြင်းနှင့် စပ်လျဉ်းပြီး မေးခွန်းအား ဖြေကြားပေးပါရန်ဆိုပြီး တင်ပြသွားတာ ဖြစ်ပါတယ်။ မန္တလေး-ဗန်းမော် - မြစ်ကြီးနား လမ်းလို့ ဆိုတဲ့အချိန်မှာ မန္တလေး-ဗန်းမော် - မြစ်ကြီးနားလမ်း ဟာ နှစ်လမ်း ရှိပါတယ် ။ ဒါပေမယ့် နှစ်လမ်းလုံး ကျွန်တော့်အနေနဲ့ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ဒီလမ်း နှစ်လမ်းမှာ မူလ လမ်းကြောင်းကတော့ မန္တလေး- လားရှိုး- ဗန်းမော် - မြစ်ကြီးနားလမ်း ဖြစ်ပါတယ်။ ဒါဟာ မန္တလေး-ဗန်းမော်လမ်း ဆိုပြီးတော့ မူလ လမ်းရှိပါတယ်။ နောက်အသစ် ဖောက်လုပ် တာကတော့ မန္တလေး - သပိတ်ကျင်း-တကောင်း - ဗန်းမော်- မြစ်ကြီးနားလမ်းတို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပထမ လမ်းဖြစ်တဲ့ မန္တလေး- လားရှိုး- ဗန်းမော် လမ်းပိုင်း ကြည့်မယ်ဆိုရင် မိုင်အားဖြင့် ၃၇၀ မိုင် ရှည်လျားပြီး အေးရှားဝေါကုမ္ပဏီရယ်၊ ရွှေမိုးသွန်းအောင် တိုင်းရင်းသား ကုမ္ပဏီ နှစ်ခုတို့ကနေပြီး B.O.T စနစ်နဲ့ ဆောင်ရွက်နေသော လမ်းပိုင်းပဲ ဖြစ်ပါတယ်။ အေးရှားဝေါ ကုမ္ပဏီမှ မန္တလေးကနေ နမ့်ခမ်း ပိုင်းအထိ ၂၄ ပေ အကျယ် ကတ္တရာလမ်းသစ်အဖြစ် ၃၁၀ မိုင် ဆောင်ရွက်နေပြီး နမ့်ခမ်းမှ ဗန်းမော်ပိုင်းကို ရွှေမိုးသွန်းအောင် ကုမ္ပဏီမှ ၆၀ မိုင်ကို တာဝန်ယူကာ ချောမွေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလမ်းရဲ့ လမ်းအမျိုးအစားအလိုက် ဖော်ပြရမယ်ဆိုရင် ကတ္တရာလမ်းဟာ ၃၂၅ မိုင်နဲ့ ၄ ဖာလုံ ၊ ကျောက်လမ်းက ၇ မိုင် ၊ အမာခံလမ်းက ၃၇ မိုင် ၄ ဖာလုံ ၊ စုစုပေါင်း ၃၇၀ မိုင် ဖြစ်ပါတယ်။ ဒီပထမလမ်းကတော့ မူလရှိတဲ့လမ်းဖြစ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆက်လက်ပြီး ဒုတိယလမ်း ကို တင်ပြသွားမှာဖြစ်ပါတယ်။ ၎င်းကတော့ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်း အသစ်ဖောက်လုပ်ထားတဲ့ မန္တလေး - သပိတ်ကျင်း-တကောင်း - ဗန်းမော်လမ်း ဖြစ်ပြီး ၂၇၇ မိုင် ရှည်လျားပါတယ်။ ၎င်းလမ်းဟာ သပိတ်ကျင်းမှ တကောင်း - ငါးအိုး - ဥဒေါင်းတောင် - စင်းခန်း - ဟန်ထက် ထိ ဖောက်လုပ်ထားပြီး ၊ ဟန်ထက်မှ ဗန်းမော်သို့ ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့

ကချင်ပြည်နယ်တို့ကို ဆက်သွယ်ထားခြင်းဖြစ်ပြီး ၊ ၂၀၀၀ ပြည့်နှစ်၊ မေလ ၁၁ ရက်နေ့မှာ ဖွင့်လှစ်ပေးခဲ့တဲ့လမ်းပဲ ဖြစ်ပါတယ်။ သတ်မှတ်လမ်းလွှာ ပုံစံအရ စနစ်တကျ တည်ဆောက်ခဲ့တဲ့ ကျောက်ချောလမ်းအဖြစ်သာ ဖြစ်ပါတယ်။ ဒါကို လမ်းအမျိုးအစားအလိုက် ရှင်းလင်းတင်ပြရရင် ကတ္တရာလမ်းက ၂၅ မိုင်နဲ့ ၅ ဖာလုံ ၊ ကျောက်ချောလမ်း ၁၆၇ မိုင်နဲ့ ၇ ဖာလုံ၊ စုစုပေါင်း ၁၉၃ မိုင် ၄ ဖာလုံ ဖြစ်ပါတယ်။ ဒီလမ်းဖောက်လုပ်ခြင်းနဲ့အတူ တံတားကြီးငယ်ပေါင်း ၃၉၇ စင်း တည်ဆောက်ပေးခဲ့ရပါတယ်။ ပေ ၁၈၀ အထက် တံတားများအနက် စင်းခန်းတံတား ၄၆၀ ပေ အရှည်ဖြစ်ပြီးတော့ နှစ်လမ်းသွား သံကူကွန်ကရစ် ကြမ်းခင်းတံတား ဖြစ်ပါတယ်။ ရွှေလီတံတား (ငါးအိုး) ၂၃၃၀ ပေ အရှည်ရှိပြီးတော့ နှစ်လမ်းသွား သံကူကွန်ကရစ်ယက်မ ကြမ်းခင်းဖြစ်ပြီး တည်ဆောက်ပေးခဲ့တဲ့ တံတားဖြစ်ပါတယ်။

လမ်းသားအဆင့်မြှင့်တင်နိုင်ရန်အတွက် ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ကာလ အတွင်း လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသား ကုမ္ပဏီ ၅ ခုအား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် ၄-၁၁-၂၀၀၉ မှာ တာဝန်ပေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကုမ္ပဏီတွေကတော့ သန္တိသစ္စာကုမ္ပဏီက ၄၂ မိုင်ဖြစ်ပါတယ်။ ဆုထူးပန်ကုမ္ပဏီက ၃၁ မိုင် ၊ ၁ ဖာလုံဖြစ်ပါတယ်။ လှမြတ်တော်ဝင် ကုမ္ပဏီက ၆၃ မိုင်ဖြစ်ပါတယ်။ ဂရိတ်ဝေါလ်ကုမ္ပဏီက ၅၉ မိုင်၊ ၆ဖာလုံဖြစ်ပါတယ်။ ရွှေမိုးသွန်းအောင်ကုမ္ပဏီက ၆၃ မိုင် ၆ ဖာလုံဖြစ်ပါတယ်။ သန္တိသစ္စာကုမ္ပဏီကတော့ ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းကို ၂၈ မိုင် ဆောင်ရွက်ပြီး ဆုထူးပန်ကုမ္ပဏီကတော့ ၁၈ မိုင်ကို ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လှမြတ်တော်ဝင် ကုမ္ပဏီ၊ ဂရိတ်ဝေါလ်ကုမ္ပဏီ၊ ရွှေမိုးသွန်းအောင် ကုမ္ပဏီတို့ကတော့ လမ်းအဆင့် မြှင့်တင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲဖြစ်ပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာကတော့ ကသာ- စင်းခန်းလမ်း ဖြစ်ပါတယ်။ စင်းခန်းတံတား ကနေ သွားမှာ ဖြစ်ပါတယ်။ ဗန်းမော်မြို့ စင်းခန်းကနေ တစ်ဆင့် ဧရာဝတီမြစ်ကို ကူးလို့ရအောင် ရထားလမ်းနဲ့ ချိတ်ဆက်ထားတာ ဖြစ်ပါတယ်။ ရထားလမ်း ပူးတွဲပါဝင်တဲ့ စင်းခန်းတံတားဟာ ၄၆၃၀ ပေ ရှိပြီး၊ ၄၈ ပေ အကျယ်ကို ၇-၅-၂၀၀၉ ရက် နေ့မှစ၍ တည်ဆောက်နေပါတယ်။ အဆိုပါတံတားဟာ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိသော ယခုတင်ပြခဲ့တဲ့ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းနဲ့ အတူ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိနေမယ့် မန္တလေး - ရွှေဘို - မြစ်ကြီးနားလမ်းနဲ့ ချိတ်ဆက်ပေးမယ့် အဓိကကျတဲ့ လမ်းတံတားကြီးတွေ ဖြစ်ပါတယ်။ တည်ဆောက်ပြီးလို့ရှိရင် ဒေသရဲ့ကုန်စည်တွေ ကူးသန်းဖို့ လွယ်ကူချောမွေ့မှာ ဖြစ်ပါတယ်။ ဒေသတိုးတက်မှုများစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ကသာ- စင်းခန်းကားလမ်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်

လျက်ရှိပါတယ်။ ကသာ-စင်းခန်းကားလမ်းဟာ ၆၅ မိုင်ရှိပြီး တိုင်းရင်းသားကုမ္ပဏီ ၁၃ ဖွဲ့နဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်တာ ဖြစ်ပါတယ်။

လမ်းလုပ်ငန်းပိုင်းနဲ့ ပတ်သက်လို့ ကုမ္ပဏီ ၁၃ ဖွဲ့နဲ့ ဆောင်ရွက်တဲ့နေရာမှာ ၄၀ ပေ အကျယ် မြေသားလမ်း တာဘောင်တင်ခြင်းကတော့ ၆၅ မိုင် ပြီးပါပြီ။ ကျောက်လမ်း ၁၈ မိုင် ၅ ဖာလုံ ပြီးပါပြီ။ ကျန်အပိုင်းများကို ဆက်လက်လုပ်နေပြီးတော့ ကတ္တရာလမ်းကတော့ ၄ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီး ဆက်လက် လုပ်လျက်ရှိပါတယ်။

ရေပြွန်တံတားလုပ်ငန်းများ၊ သံကူကွန်ကရစ်ရေပြွန် ၂၄၅ စင်း တည်ဆောက်ရန်လျာထားပြီး၊ ၄င်းအနက် ၁၈၆ စင်း တည်ဆောက်ပြီးစီး၍ ဆက်လက်ဆောင်ရွက်နေပါတယ်။ သံကူကွန်ကရစ် တံတားဟာလည်း ၅၀ ပေ အောက်တံတား ၂ စင်း၊ ၁၀၀ ပေအောက် တံတား ၄ စင်း ၊ ၁၀၀ ပေ နှင့်အထက် ၁၈၀ ပေ အောက်တံတား ၄ စင်း၊ စုစုပေါင်း ၁၀ စင်း လျာထား တည်ဆောက်လျက် ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များအတွင်းမှာ အဓိကဆက်သွယ်ရေး လမ်းမကြီးများ တိုးတက်ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများကို အထူးစီမံချက်ချ ဆောင်ရွက်သလို ဒေသခံပြည်သူများကလည်း မိမိပိုင် လမ်းကဲ့သို့ ခံယူပြီး တန်ပိုယာဥ်များ ဖြတ်သန်းခြင်း မရှိအောင် ဝိုင်းဝန်းထိန်းသိမ်းခြင်းအားဖြင့် လမ်းများ အသုံးပြုသူများမှလည်း သတ်မှတ်စည်းကမ်းများ လိုက်နာမယ်ဆိုရင် လမ်း/တံတားများ သက်တမ်း ပြည့် တည်တံ့နိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကိုယ်စားလှယ်တော်ကြီး တင်ပြမေးမြန်းခဲ့သော မန္တလေး- ဗန်းမော်ကားလမ်း ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းတို့နှင့် စပ်လျဥ်း သည့် မေးမြန်းချက်အား ကိုယ်စားလှယ်တော်ကြီးနှင့်တကွ ဒေသခံ ပြည်သူများ သိရှိရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်း တင်ပြခွင့်ရတဲ့ အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးယောဒီဒွေ့ ၊ ပူတာအိုမဲဆန္ဒနယ်မှ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဆွမ်ပရာဘွမ်နှင့်ပူတာအိုအကြား မော်တော်ကားလမ်းကို ရာသီမရွေး သွားလာနိုင်ရန် မည်သို့ စီမံ ထားရှိသည်ကို သိလိုကြောင်းနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဦးယောဒီဒွေ့ (ပူတာအို မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယောဒီဒွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြစ်ကြီးနား ဆွမ်ပရာဘွမ်နဲ့ ပူတာအို မော်တော် ကားလမ်းနဲ့ ပတ်သက်၍ မေးခွန်းတစ်ရပ်ကို အောက်ပါအတိုင်း မေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး မှာ အရေးကြီးတဲ့ စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ကချင်ပြည်နယ်၊ မေခ၊ မလိခ မြစ်ကြောင်း တစ်လျှောက်မှာ ရေအားလျှပ်စစ်စီမံကိန်းကြီးများကို အကောင်အထည်ဖော်လျက် ရှိပါတယ်။ ဒီရေအားလျှပ်စစ်စီမံကိန်းတွေက ထွက်ရှိလာမယ့် လျှပ်စစ်ဓာတ်အားတွေနဲ့ နိုင်ငံတော် တစ်ဝှမ်း လျှပ်စစ်မီးလင်းရေးအတွက်သာမက စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည် ဖော်ရာမှာ အထောက်အကူဖြစ်စေမှာမို့ ကျွန်တော်တို့ ပြည်သူများက များစွာမျှော်လင့်တောင့်တလျက် ရှိပါတယ်။ လက်ရှိစီမံကိန်း အကောင်အထည်ဖော်နေဆဲ ကာလမှာလည်း လုပ်ငန်းလိုအပ်ချက်အရ မြစ်ကြီးနားနှင့် ဆွမ်ပရာဘွမ် အကြား ၁၃၂ မိုင် အကွာအဝေးရှိတဲ့ မော်တော်ကားလမ်းကို ကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်ပေးမည်ဖြစ်သည့်အတွက် နှစ်ကာလများစွာ ခရီးသွားလာရေး ဒုက္ခရောက်နေတဲ့ ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာလို့မဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့ ပူတာအို ဒေသခံများအနေဖြင့် မြစ်ကြီးနားအပါအဝင် အခြားဒေသများသို့ ခရီးသွားလာရေး ကုန်စည် ပို့ဆောင်ရေး ကိစ္စအဝဝမှာ မြစ်ကြီးနား-ပူတာအို မော်တော်ကားလမ်းနဲ့ လေကြောင်းလိုင်းကိုသာ အားထားနေကြရတာ ဖြစ်ပါတယ်။ သာမန် ပြည်သူများအဖို့ မော်တော်ကားလမ်းကို အဓိက အားထား အသုံးပြုနေရပါတယ်။ နှစ်စဉ်မိုးရာသီကာလမှာ ကားလမ်းကြောင်းများ ပျက်စီးခြင်းနှင့် တောင်ပြိုခြင်း များကြောင့် သွားလာနိုင်ခြင်းမရှိဘဲ လေကြောင်း လိုင်းတစ်ခုတည်းကိုသာစုပြုံ အားကိုးရသည့်အတွက် ပြည်သူများ များစွာဒုက္ခရောက်နေကြပါတယ်။ ယခု ရေအားလျှပ်စစ်စီမံကိန်းကြောင့် မြစ်ကြီးနားနှင့် ပူတာအိုအကြား ၂၁၈ မိုင် ကားလမ်းကြောင်းမှာ မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်အကြား ၁၃၂ မိုင် ကားလမ်းအပိုင်း ကောင်းသွားမည်ဖြစ်တာကြောင့် လွန်စွာအားရကျေနပ်မိသော်လည်း ကျန်တဲ့ ဆွမ်ပရာဘွမ်နဲ့ ပူတာအိုအကြား ၈၆ မိုင်အကွာအဝေးကားလမ်း အပိုင်းကတော့ မကောင်းနိုင်ဘဲ ကျန်ရှိနေတဲ့အတွက် ဆွမ်ပရာဘွမ်နဲ့ ပူတာအိုအကြား မော်တော်ကားလမ်းကို ရာသီမရွေး သွားလာ နိုင်သည့် အဆင့်မြင့် လမ်းဖောက်လုပ်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ စီမံထားရှိသည်ကို ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၄။**

**ဦးခင်မောင်မြင့် (ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယောဒိဒွေ့ရဲ့ ဆွမ်ပရာဘွမ်- ပူတာအို မော်တော်ကားလမ်းရဲ့ ရာသီမရွေး သွားလာနိုင်မှုကို မည်သို့ စီမံထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းခြင်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ မြောက်ဖျားဒေသဖြစ်တဲ့ ကချင်ပြည်နယ်အတွင်း လမ်းပန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်စီမံကိန်းများ ချမှတ်ပြီး လမ်းအလိုက်၊ လမ်းပိုင်းများ အဆင့်မြှင့်တင် တိုးတက်အောင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါကြောင့်မို့လို့လည်း ကချင်ပြည်နယ်အတွင်းမှာ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး ၁ ရုံး၊ ခရိုင် အင်ဂျင်နီယာမှူးကြီးရုံး ၄ ရုံး၊ မြို့နယ်အင်ဂျင်နီယာရုံး ၂၀ ရုံး၊ မြို့နယ်ခွဲအင်ဂျင်နီယာမှူးရုံး ၉ ရုံးတို့နှင့် ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ ဒီနေရာမှာ လမ်းများနှင့်ပတ်သက်လို့ အသစ်တည်ဆောက်ခြင်း၊ တိုးတက်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း ဒီတာဝန်တွေကို အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါတယ်။ ၄င်းအပြင် ပြည်နယ်အတွင်း လမ်း၊ တံတားများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဒုတိယ အင်ဂျင်နီယာ မှူးကြီးဦးဆောင်သော လမ်းတည်ဆောက်ရေး အထူးအဖွဲ့ ၅ ဖွဲ့၊ တံတားတည် ဆောက်ရေးအထူးအဖွဲ့ ၁ ဖွဲ့တို့လည်း ထပ်မံဖြည့်စွက်ထားရှိပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး အနေနဲ့ မေးမြန်းတဲ့ ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းနှင့် ပတ်သက်ပြီး တစ်ဆက်တစ်စပ်တည်းဖြစ်သော ပြည်ထောင်စု လမ်းမကြီးဖြစ်တဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ် - ပူတာအို လမ်း ၂၁၈ မိုင်ကို ပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ မေးမြန်းတာ ဆွမ်ပရာဘွမ်- ပူတာအို လမ်းဖြစ် သော်လည်း ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အပင်ပန်းခံလုပ်ခဲ့တာဟာ မြစ်ကြီးနား ကစပြီး လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လုပ်ခဲ့တဲ့လမ်းကိုလည်း ဒီနေရာမှာ ရှင်းလင်းပြောကြား လိုပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်း ၂၁၈ မိုင်ရှည်လျားတာ ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ် ကနေစတင်ပြီးတော့ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းအထူးအဖွဲ့ ၁ ဖွဲ့နှင့် ပူတာအိုခရိုင်တို့ မှ တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ကနေပြီးတော့ အဖွဲ့များ ဒေသခံလုပ်ငန်းရှင်များနဲ့ လမ်းအကျယ် ၂၄ ပေ ရသည်အထိ ချောမွေ့

သွားလာနိုင်အောင် တာဝန်ပေးဆောင်ရွက်ပြီးတော့ အမာခံလမ်းအဖြစ် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

မိုးရွာသွန်းမှု ပမာဏများပြားခြင်း၊ ဝင်ရိုး ၃ ရိုးပါ ကားကြီး (သရီးကရောင်း)များ သွားလာမှုများကြောင့် လမ်းသားတွေဟာ ပျက်စီးခဲ့ပါတယ်။ ဒါကြောင့်မို့လို့လည်း သွားလာမှု၊ ဆက်သွယ်မှုများ ပြတ်တောက် ဆိုးရွားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းရဲ့ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း လုပ်ငန်းကို စီမံကိန်းအသွင်ဖြင့် ဆောင်ရွက်ရန်အတွက် လမ်းအထူးအဖွဲ့ ၆ ဖွဲ့၊ ခရိုင်အဖွဲ့ ၂ ဖွဲ့ တို့နဲ့ ဖွဲ့စည်းပြီး စက်၊ ယာဉ်၊ ယန္တရား၊ ဝန်ထမ်းများ ပြည့်စုံစွာ ဖြည့်တင်းပြီး လုပ်ငန်းများကို တာဝန်ပေး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီခရိုင်နဲ့ အထူးအဖွဲ့ ၈ ဖွဲ့မှာ အင်ဂျင်နီယာ ဝန်ထမ်းများကတော့ ၁၀၀ ဦး၊ အမှုထမ်းက ၃၃ ဦး၊ ပညာသည် ဝန်ထမ်း ၃၅ ဦး ၊ စက်/ယာဉ်မောင်းသမား ၄၆၀ ဦး၊ ယာယီလုပ်သား ၁၆၀၀ ဦးနဲ့ စက်၊ ယာဉ်၊ ယန္တရားမျိုးစုံ ၂၃၃ စီးနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ဒီနေ့အထိ ဆောင်ရွက်ပြီးစီးတဲ့အပိုင်းကတော့ ကတ္တရာလမ်း ၄၁ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၁၆၂ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၁၄မိုင် ဖြစ်ပြီးတော့ စုစုပေါင်း ၂၁၈ မိုင်ဖြစ်ပါတယ်။ တံတားတည်ဆောက်ခြင်းအပိုင်းကတော့ လမ်းအတွင်း တည်ဆောက်တဲ့ နေရာမှာ ရေပြွန်နဲ့ ပေ ၅၀ အောက်တံတားဟာ ၇၂၆ စင်း လုပ်ပေးခဲ့ရပါတယ်။ ပေ ၅၀ နဲ့အထက် ပေ ၁၀၀ အောက် တံတား ၂၆ စင်း ဖြစ်ပါတယ်။ ပေ ၁၀၀ နှင့်အထက် ပေ ၁၈၀ အောက် တံတား ၁၀ စင်း ဖြစ်ပါတယ်။ ပေ ၁၈၀ နှင့်အထက် ၁၁ စင်း အားလုံး ၇၇၃ စင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၄င်းလမ်းပေါ်မှာ အဓိကတံတားကြီး ၁ စင်း ဖြစ်တဲ့ ပေ ၅၂၀ အရှည်ရှိတဲ့ မူလာရှီဒီးကြိုးတံတားကြီးကို ယခင်က ကားငယ်များသာ သွားနိုင်တဲ့အဆင့် ကနေပြီး ယခု ဘဏ္ဍာရေးနှစ်ကနေပြီး နှစ်လမ်းသွား သံကူကွန်ကရစ် တံတားကြီးအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို ပြည်ထောင်စုလမ်းမကြီးကို ယနေ့ ချောမွေ့စွာ သွားလာနိုင်ဖို့အတွက် ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်ထိ စီမံချက်များချမှတ်ပြီး နှစ်အလိုက် အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ ဒီလမ်းကြီးနဲ့ ပတ်သက်ရင် မြစ်ဆုံတွင် ရေအားလျှပ်စစ်ထုတ်လုပ်နေတဲ့ကုမ္ပဏီဖြစ်သော CPI ( China Power Investment ) ကုမ္ပဏီမှ မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်ပိုင်းကို ကွန်ကရစ်လမ်းခင်းဖို့အတွက် ညှိနှိုင်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အပိုင်းကတော့ ဆွမ်ပရာဘွမ်နဲ့ ပူတာအိုလမ်းပိုင်းပဲ

ကျန်ပါတော့တယ်။ ဒါကြောင့်မို့လို့လည်း လာမယ့်နှစ်တွေမှာ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို လမ်းဟာ ယခုထက် ပိုမို ကောင်းမွန်လာမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပြီးဖြစ်ပါတယ်။

အထူးပြောလိုတာကတော့ ဒေသခံပြည်သူများအနေနဲ့ လမ်းများပျက်စီးစေတာ သရီးကရောင်း ကားများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီးတော့ သတ်မှတ်ဝန်ထက်ပိုတင်ပြီး သွားလာနေသော ကြောင့် ပျက်စီးစေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၄င်းယာဥ်များသွားလာရေးကိုလည်း ကြပ်မတ်ပေး ပါရန် ပြောကြားရင်း ဆွမ်ပရာဘွမ် - ပူတာအိုလမ်း ရာသီမရွေး ကားသွားလာနိုင်ရေး စီမံဆောင်ရွက် ထားမှု အခြေအနေအား ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝင်းခိုင်၊ သိန္နီမဲဆန္ဒနယ်မှ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ရာသီအလိုက် သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဦးစိုင်းဝင်းခိုင်( သိန္နီ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မြောက်ပိုင်း ၊ သိန္နီမြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ အမျိုးသားစီးပွားရေးဘဝ မြင့်မားရေးသည် အခြေခံကျလျက် ရှိပါတယ်။ အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် နိုင်ငံတော်၏ ပင်ရင်းမူလ လယ်ယာကဏ္ဍကို နိုင်ငံတော်က အလေးထား မြှင့်တင်ပေးနေသည်ကို တွေ့ရှိရပါသည်။ အလားတူ တောင်သူလယ်သမားများ၏ လူမှုဘဝ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးနေသည်ကို လည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံထားတဲ့ စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အလုပ်လုပ်သူ ဦးရေ၏ အများစုဟာ တောင်သူလယ်သမားများ ဖြစ်တဲ့ အတွက်ကြောင့် တောင်သူ လယ်သမားများဟာ ကျွန်တော်တို့အတွက် ကျေးဇူးရှင်လည်း ဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ တောင်သူလယ်သမားများဟာ ယခင်က များသောအားဖြင့် မိုးစပါး တစ်သီးစားတည်းကိုသာ အစဉ် တစိုက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှစ်သီးစား စိုက်နိုင်တဲ့ လယ်ယာဆိုတာ အင်မတန်နည်းပါးတဲ့ ပမာဏ ရှိခဲ့ပါတယ်။ ယခုမှာတော့ တစ်သီးစားသာစိုက်တဲ့ လယ်ယာဆိုတာ မရှိ သလောက် နည်းပါးသွားပြီး များသောအားဖြင့် မိမိ လယ်ယာမြေနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် စပါးနှင့် သီးနှံမျိုးစုံ များကို နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးနိုင်ကြပြီ ဖြစ်သလို သီးထပ်သီးညှပ် စိုက်ပျိုးနည်းကို တွဲဘက်စိုက်ပျိုးလာသည်ကို တွေ့ရှိရပါတယ်။ ဒါ့အပြင် အခြားရာသီအလိုက် သီးနှံများဖြစ်တဲ့

အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ ချက်ကြံ၊ ဖရုံသီး၊ သခွားမွှေး၊ ပဲပုတ် စသည့် သီးနှံများကို သင့်လျော်တဲ့ ဆိုင်ရာဒေသအလိုက် စိုက်ပျိုး ဖြစ်ထွန်း အောင်မြင်နေသည်ကို တွေ့ရှိရပါတယ်။

ထိုသို့ သင့်လျော်တဲ့ ဆိုင်ရာဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခြင်းဟာ လယ်ယာလုပ်ငန်း လုပ်ကိုင်နေတဲ့ တောင်သူလယ်သမား တစ်ရပ်လုံးရဲ့ လူမှုဘဝ အခြေမြင့်တက်လာပြီး အမျိုးသား စီးပွားရေးဘဝ တိုးတက်လာသည်နှင့်အတူ နိုင်ငံတော်ရဲ့ စီးပွားဖြစ်ထွန်းမှုကို အထောက်အကူ ပေးနေသည်ကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ သို့ပေမယ့်လည်း ကျွန်တော်တို့ ရှမ်းပြည်မြောက်ပိုင်းမှာ သက်ဆိုင်ရာ အာဏာပိုင်မှ ရေမြေဒေသနှင့်မကိုက်ညီ အထွက်နှုန်းမကောင်း ၊ အရည်အသွေးမကောင်းသော စပါးမျိုးကို မဝယ်မနေရ စနစ်ဖြင့် ဝယ်ယူစိုက်ပျိုးစေခြင်းကြောင့် တောင်သူလယ်သမားများက မိမိလယ်ယာမြေနှင့် သင့်လျော်သော မျိုးသန့်စပါးများကို ထပ်မံပြီး အခြားမှာ ဝယ်ယူစိုက်ပျိုးနေရပါတယ်။ ဒါကြောင့် နှစ်စဉ်နှစ်တိုင်း သီးစား တစ်သီးလျှင် မျိုးစပါးကို နှစ်ကြိမ်ဝယ်ရတဲ့အတွက်ကြောင့် တောင်သူလယ်သမားများ အလွန်နစ်နာလှပါတယ်။ သို့ပါသောကြောင့် ကျွန်တော်မေးလိုသည်မှာ တောင်သူလယ်သမားများသည် ဈေးကွက်တွင် အမြတ်အစွန်းပိုမိုရရှိပြီး မိမိလယ်ယာမြေနှင့် အသင့်လျော်ဆုံးဖြစ်သည့် ကြိုက်နှစ်သက်ရာ ရာသီအလိုက်သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်ရှိပါသလား။ မရှိသေးသည့် ဆိုင်ရာဒေသက တောင်သူလယ်သမား ပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းပေးပါမည်နည်း။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ တာဝန်ရှိသူက ပြန်လည် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဦးဌေးဦး(ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ မိမိတို့ချစ်တဲ့ ပြည်သူတွေရဲ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက် နိုင်ကြပါစေလို့ ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး တာဝန်ယူထားတဲ့ ဦးဌေးဦး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် က တောင်သူလယ်သမားများသည် ဈေးကွက်တွင် အမြတ်အစွန်းပိုမိုရရှိပြီး မိမိ၏လယ်ယာမြေနှင့် အသင့်လျော်ဆုံးဖြစ်သည့်

ကြိုက်နှစ်သက်ရာ ရာသီ သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချပိုင်ခွင့် ရှိပါသလား။ မရှိသေးသည့် ဒေသက တောင်သူလယ်သမားများ ပြဿနာများကို မည်သို့ဖြေရှင်းပေးပါမည်နည်းဟု မေးမြန်းထားခြင်းနှင့် ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် သီးနှံတွေ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ အဓိကအားဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရည်မှန်းဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီလိုရည်မှန်းဆောင်ရွက်တဲ့နေရာမှာ အောက်ပါမူတွေကို ချမှတ်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီမူတွေကတော့-

(က) ဖြစ်ထွန်းအောင်မြင်တဲ့သီးနှံ ဖြစ်ဖို့လိုပါတယ်၊

(ခ) စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေရဲ့ စီးပွားရေးအရ တွက်ခြေကိုက်တဲ့ သီးနှံတွေလည်း ဖြစ်ဖို့လိုပါတယ်။ တတိယ အချက်အနေနဲ့ကတော့ နိုင်ငံတော်ရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ သီးနှံတွေလည်းဖြစ်ရပါမယ်။ ဒီအချက်သုံးချက်နှင့်အညီနိုင်ငံတော်နဲ့ တောင်သူတွေရဲ့ အကျိုးဖြစ်ထွန်းတဲ့ သီးနှံတွေစိုက်ပျိုးမှုကို အားပေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ထွက်ရှိတဲ့ ရာသီသီးနှံတွေကိုလည်း လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိပါတယ်။ အောင်မြင်ဖြစ်ထွန်းတဲ့ သီးနှံတွေကို တန်ဖိုးမြှင့် ထုတ်ကုန်တွေထုတ်လုပ်ရန် တည်ဆောက်ထားတဲ့ စက်ရုံအလုပ်ရုံနယ်မြေများအတွက် လိုအပ်တဲ့ကုန်ကြမ်းသီးနှံ တွေကို အားပေးစိုက်ပျိုးလျက်ရှိတာကအပ ကျန်သီးနှံတွေကိုတော့ ခုနက ကျွန်တော် တင်ပြထားတဲ့မူတွေ အတိုင်းပဲ အားပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တချို့နေရာ ဒေသတွေမှာ ထူးခြားတဲ့ အခြေအနေတွေရှိနိုင်ပါတယ်။ ဒီလို ထူးခြားတဲ့ အခြေအနေတွေ ရှိမယ်ဆိုရင်တော့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဝန်ထမ်းတွေကို အသိပေးအကြောင်းကြားမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၉။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်၏ “ ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက်ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဥ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဌာန်းပေးပါရန် ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**အချိန်။ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုများဆွေးနွေးခြင်း စတင် ဆောင်ရွက်ပါမယ်။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းထားတဲ့ **“ ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့် အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဥ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဌာန်း ပေးပါရန် ”** အဆိုနဲ့စပ်လျဥ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၅ ဦးက အမည်စာရင်း တင်သွင်း ထားပါတယ်။ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းအားဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အစည်းအဝေးတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်း ထားတဲ့ ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့် အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် ခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဌာန်းပေးပါရန် ဆိုတဲ့အပေါ် ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဦးစိုးဝင်းအဆိုအပေါ် ကျွန်တော်နားလည် သဘောပေါက်တာကတော့ ယခင်နှုန်းထားများနှင့် ရရှိခံစားခွင့်ရတဲ့ ပင်စင်လစာငွေဟာ ယနေ့ဖွံ့ဖြိုး တိုးတက်လာတဲ့ စီးပွားရေးကြောင့်ဖြစ်ပေါ်နေတဲ့ ငွေကြေးဖောင်းပွမှုနဲ့ ကုန်ဈေးနှုန်း ကြီးမြင့်မှု တို့ကြောင့် လစာနည်း ပင်စင်စားများကို ယနေ့ကုန်ဈေးနှုန်း အခြေအနေများနှင့် အညီမဟုတ်စေကာမူ နိုင်ငံတော်ရဲ့ ဘတ်ဂျက် အခြေအနေက ခွင့်ပြုတဲ့ အတိုင်းအတာအတွင်းသာ ချီးမြှင့်နိုင်သလောက် တိုးမြှင့်ပေးဖို့ ဖြစ်တယ်လို့ ကျွန်တော်သဘောနားလည်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မကြာခင်က ဘဏ္ဍာရေးဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်အစိုးရမှ ယနေ့ထိနိုင်ငံတော်တွင် မြင့်တက်နေသော ကုန်ဈေးနှုန်းကို အထိုက်အလျောက် ကာမိစေရန် ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအတွက် လစာနှုန်းထားများကို အချိန်အခါအလျောက် တတ်စွမ်းသရွေ့ နိုင်ငံတော်အစိုးရအဆက်ဆက်က ပင်စင်တိုးမြှင့် သတ်မှတ်စောင့်ရှောက်ခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ခြင်းကို လွှတ်တော်အစည်းအဝေးတက်ရောက်လာကြတဲ့ ဥက္ကဋ္ဌကြီးအပါအဝင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးမှ ကြားသိခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ပေးတဲ့ အတွက် လစာ ပိုမို တိုးမြှင့်ခံစားရတဲ့ဝန်ထမ်းများက အထူးဝမ်းပန်းတသာ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အားလုံးလည်း မုဒိတာပွားကြရပါတယ်။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့ရာတွင် နှစ်ပေါင်းများစွာ နိုင်ငံတော်တာဝန်ကို အနှစ် ၃၀၊ ၄၀ကျော်ကျော်ပွန်ပွန် ထမ်းဆောင်ပြီးမှ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်စသည်ဖြင့် ခေတ်အဆက်ဆက်က ပင်စင်ယူခဲ့ကြတဲ့ ပင်စင်စားဝန်ထမ်းများဟာ လက်ရှိတာဝန်ထမ်းဆောင်စဉ် ဝန်ထမ်းတွေမဟုတ်ကြတဲ့ အတွက် ပင်စင်တိုးမြှင့်သောလစာကို ရရှိကြသည့် သူထဲမှာ မပါပါဘူး။ သူတို့ဟာ တိုးမြှင့်နေတဲ့ ကုန်ဈေးနှုန်း ကို ခါးသီးစွာ ခံစားနေရသူများ ဖြစ်ကြပါတယ်။ ဒီနေ့ လက်ဖက်ရည် တစ်ခွက်နှင့် မုန့်တစ်ခု အတွက်သာ ပင်စင်ခံစားနေရသူရှိသလို ယနေ့ခေတ်ဆန်တစ်ပြည်ဖိုးပင် မပြည့်သော ပင်စင်လစာခံစားနေရသူ တွေလည်း သက်ရှိထင်ရှား ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ အရေအတွက်ကတော့ များလှမယ် မဟုတ်ပါဘူး။ သက်ကြီးအရွယ်အိုဘဝနဲ့ မိမိရခဲ့တဲ့ ပင်စင်လစာ လေးနဲ့ မရပ်တည်နိုင်လို့ ဘိုးဘွားရိပ်သာမှာလို နေရာမျိုးတွေမှာ တွယ်ကပ်ခိုစားနေတဲ့ ပင်စင်စားများလည်းအများအပြား ရှိပါတယ်။ စားရေးသောက်ရေးအတွက် နေ့စဉ်နှင့်အမျှ ခက်ခဲစွာဖြေရှင်းကြရတဲ့ ပင်စင်စားများရဲ့ ဘဝဟာကျေနပ်စရာမရှိ ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပင်စင်စားများရဲ့ဘဝကို စာနာသောအားဖြင့်လည်းကောင်း၊ညှာတာသောအားဖြင့်လည်းကောင်း၊တတ်အားသဖြင့် စောင့်ရှောက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ပုံသေသတ်မှတ်ထားတဲ့ ထောက်ပံ့ကြေးတစ်ရပ်ကို ပင်စင်စားများဟာ ၎င်းတို့ လစဉ်ခံစားနေရသည့် ပင်စင်လစာအပြင် အပိုဆောင်းပေးငွေတစ်ရပ်အဖြစ် လစဉ် ထောက်ပံ့ကြေးတစ်ရပ်(သို့မဟုတ်)နိုင်ငံတော်အစိုးရကလိုအပ်သော တွက်ချက်မှု များကို ပြုလုပ်ပြီး သင့်လျော်တဲ့ ငွေကြေးတစ်ရပ်ကို သတ်မှတ်ပြီး သက်ကြီး ရွယ်အို ပင်စင်စားတွေကို စောင့်ရှောက်ပေးသင့်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ကြီးရွယ်အိုပင်စင်စားများက အနာဂတ်နိုင်ငံတော်အစိုးရမှ ၎င်းတို့ အပေါ်မှာထားရှိတဲ့ စေတနာနှင့်မေတ္တာကို ပြည်သူ့လွှတ်တော်ကျင်းပချိန်မှစပြီး နေ့စဉ်နှင့် အမျှ မျှော်လင့်ကြီးစွာ စောင့်စားလျက်ရှိကြပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က မိခင်၊ ဖခင်ဆိုရင် နိုင်ငံသားတွေက သားသမီးတွေ ဖြစ်ကြပါတယ်။ မိခင်၊ ဖခင်ဟာ ဘယ်သားသမီးကိုမဆို အကြောင်းကြောင်းကြောင့် ဖင့်ထယ်လို့ဖြစ်စေ၊ သိမ်ငယ်လို့ဖြစ်စေ၊ သူတို့အပေါ်ထားရှိတဲ့ နွေးထွေးတဲ့မေတ္တာကတော့ အတူတူပါပဲ။ ရေမြင့်ရင် ကြာတင့်ပါတယ်၊ နိုင်ငံတော်သစ်ကြီး ဖွံ့ဖြိုးတိုးတက်နေတာနှင့်အမျှ နှစ်ပေါင်းများစွာ တိုင်းပြည် အကျိုးထမ်းဆောင်ခဲ့တဲ့ ပင်စင်စားတွေရဲ့လိုအပ်ချက်ကိုလည်း နိုင်ငံတော်က ဖြည့်ဆည်း စောင့်ရှောက် သွားမယ်လို့ ကျွန်တော် ရိုးသားစွာ မျှော်လင့်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ဒီနေရာမှာ စီးပွားရေးအမြင်အရ စောဒကတက်နိုင်ကောင်း တက်နိုင်သူတွေရှိပါတယ်။ မှီခိုမှုကို ရှေးရှုနေတယ်၊ လူမှုစောင့်ရှောက်ရေး ကုန်ကျငွေဟာများပြားတယ်၊ အလုပ်မလုပ်ကြသူတွေ (Non Productive Force)တွေကို ထောက်ပံ့ နေရတဲ့အတွက် အလုပ်လုပ်နေကြသူများအတွက် နစ်နာမှုအထိုက်အလျောက် ရှိနိုင်တယ် စသည်ဖြင့် ရှုထောင့်က ဆန်းစစ်နိုင်ကြပါတယ်။ အမှန်တော့ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးလာရင် လူမှုစောင့်ရှောက်ရေးကို အစိုးရများက လုပ်ပေးရမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အမြင်ကတော့ အလုပ်မလုပ်နိုင်ကြတဲ့ သက်ကြီးရွယ်အို မသန်စွမ်းသူများရဲ့အရေးဟာ အစိုးရရဲ့ တာဝန်သာဖြစ်တယ် လို့ နိုင်ငံရေးယဉ်ကျေးမှုအရ ယုံကြည်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လူအမျိုးမျိုး ၊စိတ်အထွေထွေ၊ ရှုထောင့် အသွင်သွင် ၊ သဘောတရားအမျိုးမျိုး ၊ ခံယူချက်အမျိုးမျိုးရှိနိုင်ပါတယ်။သို့သော်လည်း ပြီးခဲ့တဲ့ ၁၄-၃-၂၀၁၁ ရက်နေ့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးလမ်းညွှန်ခဲ့တဲ့မူဂါဒ သဘောထားနဲ့သာ ထင်ဟပ်ရမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမိန့်ကြားခဲ့တဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဝန်းကျင်နဲ့ ကိုက်ညီတဲ့ နိုင်ငံသားစနစ်ထဲကို ရောက်ရှိနိုင်တဲ့ စနစ်သည်သာ စံဖြစ်သည့် အကြောင်းကို မှာကြားသွားတာ ကျွန်တော် မှတ်သားမိပါတယ်။ ဒါ့ကြောင့် ဒီစံနဲ့သာချိန်ထိုးမယ် ဆိုရင်တော့ ကုန်ဈေးနှုန်း ကြွာပနေတဲ့အတွက် အခက်အခဲဖြစ်မဲ့ ပင်စင်စားတွေရဲ့ လစာကို သင့်တော် သလို စိစစ်တိုးမြှင့်နိုင်မှာဖြစ်ကြောင်း ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့် ၊လသာမဲဆန္ဒနယ်မှဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာကြတဲ့ အထူးဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာပါစေ

ကြောင်းလည်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စမ်းချောင်းမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးဝင်းရဲ့ အဆိုကို ပြန်လည် ဆွေးနွေးချင်လို့ပါ။ ဦးစွာ ဦးစိုးဝင်းရဲ့အဆိုဟာ ၁၀-၃-၂၀၁၁ ရက်နေ့ ပြည်သူ့လွှတ်တော် သတ္တမနေ့က နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းကျော်အုန်းရဲ့ နိုင်ငံ့ဝန်ထမ်း ယခင်ပင်စင်စား နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးပေးရန် အစီအစဉ် ရှိ၊ မရှိဆိုတဲ့ မေးခွန်းနဲ့ သဘောချင်း တူညီနေပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်မှလည်း ဖြေကြားပြီး ဖြစ်ပါတယ်။ ဒါကို အဆိုရှင် ဦးစိုးဝင်း ကိုယ်တိုင်က ၁၅-၃-၂၀၁၁ ရက်နေ့မှာ အဆိုကို တင်သွင်းစဥ်ကပင် ထည့်သွင်း ဝန်ခံသွားပြီးလည်း ဖြစ်ပါတယ်။ ဒီတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၌ လမ်းညွှန် နောက်ဆက်တွဲ(ခ-၂) အမှတ်စဥ်(၄-ဂ)ဖြစ်တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆုံးဖြတ်ပြီးသော ကိစ္စတစ်ရပ်နှင့် သဘောချင်းတူညီသည့် ကိစ္စမပါရှိရဆိုတာနဲ့မကိုက်ဘဲ ဖြစ်နေပါတယ်။ နောက်တစ်ခါ ရှင်းလင်းပြတ်သားပြီး တိကျစွာဖော်ပြသော အကြောင်းရပ်မဟုတ်တဲ့ ၄နေရာလောက်ကို တွေ့ရ ပါတယ်။

၁။ ပင်စင်လစာငွေများ နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည် ဆိုရာမှာ နောက်ဆုံးထုတ် လစာကွဲပြားမှုအလျောက်ကွဲပြားမှုာက သဘာဝဖြစ်လို့ ဒါကို အထူးပြုပြောဆိုမယ်တော့ မထင်ပါဘူး။ ဒီတော့ဘာကို ဆိုလိုသလဲမကွဲပြားပဲဖြစ်နေပါတယ်။

၂။ ပင်စင်လစာနှုန်းအလိုက် ကွဲပြားစွာခံစားနေရသည့်အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့်လို့ ဆိုတဲ့နေရာမှာ ပင်စင်လစာနှုန်းအလိုက် ကွဲပြားစွာ ခံစား နေရမှု မရှိဘူးဆိုလို့ရှိရင် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေမှာ မဟုတ်ဘူးလို့ နားလည်ရမလို ဖြစ်နေပါတယ်။

၃။ ပင်စင်လစာများကို အဆင့်နှစ်ဆင့်(သို့မဟုတ်) သုံးဆင့်စဥ်းစားခွဲခြား ထုတ်ပေးပါရန်လို့ ဆိုတဲ့ နေရာမှာ ဘယ်လိုနှစ်ဆင့်၊ သုံးဆင့်ဆိုတာထည့်ပြဖို့လိုမယ်ထင်ပါတယ်။

၄။ အသက်အုပ်စုအလိုက် စိစစ်ပြဌာန်းပေးပါရန်လို့ ဆိုတာမှာလည်းပဲ ဘာကြောင့်၊ ဘယ်လို ဆိုတာ ကျွန်တော်တွေးလို့ မရပါဘူး။ ဒီတော့ လွှတ်တော် ပုံမှန်အစည်းအဝေး လမ်းညွှန် နောက်ဆက်တွဲ (ခ-၂) အရ အမှတ်စဥ် (၅-ဂ)နဲ့ မကိုက်ညီဘဲ ဖြစ်နေပါတယ်လို့ ပြန်လည် ဆွေးနွေးလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်း လစာနှင့်ပင်စင်တိုးရာမှာ စဉ်းစား ရမယ့် စီးပွားရေးရှုထောင့်တစ်ရပ်ကို ဆွေးနွေးလိုပါတယ်။ လက်ရှိလုပ်သားများဟာ ကုန်ထုတ် စွမ်းအားရှိပြီး တိုင်းပြည်ဝင်ငွေကို ထည့်ဝင်နေသူများ ဖြစ်ပါတယ်။ ပင်စင်စားများကတော့ ကုန်ထုတ် စွမ်းအားနည်းပြီး တိုင်းပြည်ဝင်ငွေကို ထည့်ဝင်ခြင်းမပြုနိုင်တော့သူများဖြစ်ပါတယ်။ သို့သော်လည်းပဲ သူတို့နှစ်ဦးနှစ်ဖက်ကြားမှာ အသွား/အပြန် ဆက်နွယ်မှုရှိပါတယ်။ ပင်စင်စားတွေဟာ သူ့မျိုးဆက် (Generation)ဟာ တကယ်ပဲတိုင်းပြည်ဝင်ငွေကို အားထားထည့်ဝင်ခဲ့မယ်ဆိုရင် နောက်မျိုးဆက် အတွက် စက်ရုံတွေ၊ စက်တွေ၊ နည်းပညာတွေ၊ ကုန်ကြမ်းလောင်စာတွေနဲ့ အရင်းတွေကို စုဆောင်း ပေးထားပြီးဖြစ်ပါလိမ့်မယ်။ ဒါဆိုရင် နောက်မျိုးဆက်ရဲ့ ကုန်ထုတ်စွမ်းအားတွေဟာ တိုးတက်ပြီးတော့ ထုတ်ကုန်တွေ ပေါများလာပါလိမ့်မယ်။ အဲဒီတော့ ဈေးနှုန်းတွေ ကျလာပါမယ်၊ အခွန်တွေပိုပြီးတော့ ရလာပါမယ်၊ ပင်စင်စားတွေ အလုပ်လက်မဲ့တွေ ကို ပိုပြီးတော့ ထောက်ပံ့နိုင်ပါလိမ့်မယ်။ကျွန်တော်တို့ လစာတိုးပေးဖို့ ၊ ပင်စင်တိုးပေးဖို့ဆိုတဲ့ ကိစ္စတွေမှာ သုံးလိုက်တဲ့ငွေအတွက် ပြန်ပြီးတော့ (Cover) ဖြစ်နိုင်တဲ့ ဝင်ငွေတိုးတက်မှုလိုအပ်ပါတယ်။ ဒီဟာက ဘယ်မှာသွားပြီးတည်မလဲဆိုရင် ကျွန်တော်တို့ လက်ရှိ ကုန်ထုတ်စွမ်းအားရှိနေတဲ့ တိုင်းပြည်ဝင်ငွေကို ထည့်ဝင်နေတဲ့ လုပ်အားရှင်တွေပေါ်မှာ သွား တည်ပါမယ်။ တစ်ခါ ဒီလုပ်အားရှင်တွေနဲ့ တွဲဖက်အသုံးပြုဖို့ နည်းပညာတွေ၊ အရင်းတွေ၊ စက်ရုံတွေ ဒါကို တစ်ဖက်က တိုးမြှင့်ထည့်ဝင်ပေးဖို့ဆိုတာ လိုအပ်ပါတယ်။ အဲဒါကလည်းပဲ တိုင်းပြည်ရဲ့ ငွေကြေး ရင်းနှီးမြှုပ်နှံဖို့ ပိုမိုထည့်ဝင်ပေးဖို့ လိုအပ်တယ်ဆိုတဲ့ တစ်ဖက်ကလိုအပ်မှု ဖြစ်ပါတယ်။ တစ်ခါ အလုပ်သမားတွေဟာ အလုပ်ခွင်ပေါ်စိတ်ထားပေါ့ (Spirit Of Workmanship) အဲဒါတွေမြင့်မား ဖို့လည်းရှိမှသာလျှင် တစ်ဖက်ကတိုင်းပြည်က အရင်းအနှီး ထည့်ဝင်ပေးသလို လက်ရှိကုန်ထုတ် စွမ်းအား ရှိနေတဲ့ အလုပ်သမားများဘက်ကလည်း ကြိုးစားမယ်ဆိုရင် ဒီတော့မှသာလျှင် ပင်စင်စား များကို လစာတိုးပေးရေး ၊ လက်ရှိဝန်ထမ်းများကို လစာတိုးပေးရေးဆိုတာအတွက် အသုံးပြုကုန်ကျ စရိတ်၊ နိုင်ငံတော်ရဲ့ ကျခံမှုအဝဝကို ပြန်ပြီးတော့ ရင်းစားပြန်ပြီးတော့ ထည့်နိုင်မှာ ဖြစ်ပါတယ်။ ဒါတွေကို မစဉ်းစားပဲနဲ့ ကျွန်တော်တို့က လူပြိန်းကြိုက်နိုင်ငံရေးကို လုပ်လို့မဖြစ်ပါဘူး။ ဒါတွေဟာ ငွေကြေးဖောင်းပွမှုသာ အဖတ်တင်မယ်ဆိုတာ အများလည်းသိတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေး လိုတာကတော့ ဒီလောက်ပါပဲဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးသိန်းရီ၊ ထန်းတပင်မြို့နယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးသိန်းရီ ( ထန်းတပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၏ ပင်စင်လစာငွေများကို နှုန်းအလိုက်ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသော ကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဉ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန် တင်ပြသောအဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၀-၃-၂၀၁၁ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် မေးခွန်း အမှတ်စဉ် (၇)တွင် ဒေါက်တာ စိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်၏ နိုင်ငံ့ဝန်ထမ်းများနှင့် ယခင်ပင်စင်စား နိုင်ငံ့ဝန်ထမ်း များ၏ လစာနှုန်းထားများကို တိုးပေးရန်အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသော မေးခွန်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၊ဝန်ကြီးဦးလှထွန်းက ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်သည် ၁၉၈၉၊ ၁၉၉၃၊ ၂၀၀၀ ခုနှစ်တို့တွင် လစာ၊ ပင်စင်၊လုပ်ခများကို တိုးမြှင့်သတ်မှတ်ပေးခဲ့ခြင်း၊ လွှတ်လပ်ရေးရပြီး နောက်ပိုင်း ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်၍ နိုင်ငံ့ဝန်ထမ်း လစာနှင့်အငြိမ်းစားလစာ၊ရှားပါးစရိတ်များထောက်ပံ့ပေးမှုကို နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများအပေါ် မိမိရင်ဝယ်သားကဲ့သို့ စေတနာထားဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းလစာနှင့် အငြိမ်းစား လစာတိုးမြှင့် ဆောင်ရွက်လိုသည့်အခါတိုင်း -

၁။ ငွေကြေးဖောင်းပွမှုနှုန်း

၂။ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲ ငွေပမာဏ

၃။ တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး

၄။ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေ စသည်တို့ကို စဉ်းစားချင့်ချိန် တွက်ချက်ရ ကြောင်း၊ သို့သော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ အထက်ပါအချက်များကို သုံးသပ်ပြီး သင့်လျော်သောအချိန်အခါတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးသွားခဲ့ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆(ခ)တွင် နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏

လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိရေးတို့နှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေး တို့အတွက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းရမည်ဟု ဖော်ပြပါရှိပါတယ်။ နောင်ပေါ်ပေါက်လာမယ့် အစိုးရသစ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ ယခု ဦးစိုးဝင်း ၊ စမ်းချောင်း မဲဆန္ဒနယ်၏ တင်သွင်းသောအဆိုသည် ၁ဝ-၃-၂ဝ၁၁ ပထမအကြိမ် ပြည်သူ့ လွှတ်တော်ပုံမှန် အစည်းအဝေး သတ္တမနေ့အစီအစဥ် မေးခွန်း အမှတ်စဥ် (၇)တွင် ဒေါက်တာ စိုင်းကျော်အုန်း ၊ နမ့်ခမ်း မဲဆန္ဒနယ်၏ ဆွေးနွေးချက်များနှင့် ကိစ္စတစ်ရပ်အရ လည်းကောင်း၊ အကြောင်းတစ်ရပ်အရ လည်းကောင်း တူညီလျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၂၈ ၏အပိုဒ် (ည)တွင် လွှတ်တော်ကိုယ်စားလှယ်၏ အစည်းအဝေးတွင် လိုက်နာရမည့် စည်းကမ်းချက်အရ ဆွေးနွေးပြီးပြတ်ပြီးသော ကိစ္စတစ်ရပ်ကို ထပ်မံတင်ပြခြင်းမပြုရဟု ပါရှိသောကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်၏ အဆိုအား ဆက်လက်ဆောင်ရွက်ခြင်း မပြုသင့်ကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဦးသာစိန်၊ ကျောက်တော်မြို့နယ် ကိုယ်စားလှယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။
**အချိန်၊ ၁၁း၅ဝ။**

**ဦးသာစိန်( ကျောက်တော် မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများကို လေးစားဂါရဝပြုပါကြောင်း ပြောကြားရင်း မင်္ဂလာပါဟု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးသာစိန် (ခ)စာရေးဆရာကပ္ပတိန်သာစိန်ဖြစ်ပါတယ်။ ကျွန်တော်က ပင်စင်လစာနဲ့ ပတ်သက်ပြီးတော့ စမ်းချောင်းမြို့နယ် ဦးစိုးဝင်းရဲ့ အဆိုကို ထောက်ခံဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာအုပ်ချုပ်သူအစိုးရဟာ အိမ်ထောင်စုတစ်ခုကို စီမံအုပ်ချုပ်တဲ့ အမိ၊အဖအိမ်ထောင်ဦးစီးတွေနဲ့တူပါတယ်။ဝန်ထမ်းတွေကတော့မိဘနဲ့အတူနေတဲ့အိမ်ကိုသန့်ရှင်းရေး၊ ပြုပြင်ရေးကအစဆေးသုတ်၊တံမြက်စည်းလှည်းစသည်ဖြင့်လိုအပ်တာကိုလုပ်ကိုင်ပေးနေတဲ့ သားသမီးနဲ့တူပါတယ်။ မိဘနဲ့သားသမီးပါပဲ။ သားသမီးတွေက အစိုးရအိမ်ကို တည်ဆောက် ပေးပြီးတဲ့နောက် အသက်အရွယ် အိုမင်းလာတဲ့အခါ သူတို့အနားယူသွားတဲ့အခါမှာ သူတို့ကို ကျေးဇူးတင်တဲ့အနေနဲ့ ဂုဏ်ပြုတဲ့အနေနဲ့ပင်စင်လစာနဲ့သူတို့ကိုထောက်ပံ့ ပံ့ပိုးကူညီရတာပါ။ဒါတွေဟာတစ်ကမ္ဘာလုံးရှိအစိုးရ

တွေရဲ့ သဘောတရားတွေ ဖြစ်ပါတယ်။ စည်းကမ်းစည်းမျဉ်းတွေလည်းဖြစ်ပါတယ်။ ကိုယ့်အပေါ် တာဝန်ကျေခဲ့တဲ့ သားသမီးတွေကို စောင့်ရှောက်ပေးဖို့က ညီမျှခြင်းမြင့်မားတယ်ဆိုတဲ့ ညီမျှတဲ့ ပြဒါးတိုင်တစ်ခုနဲ့လည်း တူနေပါတယ်။ တစ်နည်းပြောရရင် အစိုးရတစ်ရပ်ရဲ့ စေတနာ၊ မေတ္တာကို အရင်းခံပြီး ပင်စင်လစာပေးခြင်းဖြင့် ဂုဏ်သရေရှိတဲ့ ဆက်ဆံရေးတစ်ခုအဖြစ် ရပ်တည်နေတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ အစိုးရကို သိက္ခာရှိစေသော အုပ်ချုပ်မှု ကိစ္စတစ်ရပ် လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာတော့ အခုအခါမှာ ပင်စင်ဟာ နှစ်မျိုးနှစ်စား ဖြစ်နေတာကို တွေ့ရပါတယ်။ အဟောင်းပင်စင်နှင့် အသစ်ပင်စင်ဖြစ်ပါတယ်။ အဟောင်းပင်စင်ဟာ ပင်စင်လစာအများဆုံး ၆၀၀ ကို အခြေခံပြီးပေးထားတာပါ။အဲဒါကို တိုးပေးနိုင်တာနဲ့ မြှင့်တင်ပေးနိုင်တဲ့ အများဆုံးရသူဟာ ကျပ် ၂၀၀၀လောက်ပဲရပါတယ်။ ယခင်က တပ်မတော်အရာရှိကြီး တစ်ဦးဟာ ပင်စင် လစာ ၆၀၀ ရသော်လည်း ယခုပင်စင်စား ရဲဘော်တစ်ဦးဟာ ၂၅၀၀၀ ရနိုင်ပါတယ်။ ဒီလို ကွာခြားမှု တွေရှိတဲ့ကြားထဲမှာကုန်ဈေးနှုန်းတွေဟာလည်း မတန်တဆမြင့်မားလာတာကြောင့်ကွာခြားမှုဟာ ပိုမိုများပြားလာပါတယ်။ ဒါကြောင့် ပင်စင်စားတွေရဲ့စိတ်ထဲမှာ မမျှမတဆိုတဲ့ ခံစားမှု ပိုမိုကြီးထွားလာပါတယ်။ ပင်စင်စားတွေရဲ့အမြင်မှာ အုပ်ချုပ်သူမိဘအပေါ် အထင်ကြီးမှု လျော့နည်းသလို ဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့ နယ်မြေကျေးရွာတွေကို ရောက်တဲ့အခါမှာ ပင်စင်စားကျောင်းဆရာ၊ ဆရာမတွေ အမှုထမ်းဟောင်းတွေနဲ့ တွေ့ခဲ့ပါတယ်။ သူတို့ဟာ ပင်စင်လစာ ၂၀၀နဲ့ ၃၀၀ ကြားသာရလို့ လက်ဖက်ရည် နှစ်ခွက်ဖိုးသာရတယ်လို့ ပြောကြပါတယ်။ ပင်စင်ထုတ်ဖို့သွားတဲ့ ခရီးစရိတ်က ကြီးပြီး ထုတ်ရမဲ့ငွေကနည်းတာကြောင့် သုံးလ၊ လေးလမှတစ်ခါ သွားထုတ်ကြကြောင်း ပြောဆိုကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်တိုင်ကလည်း တပ်မတော်က ပင်စင်စားတစ်ဦးပါ။ ပင်စင်အဟောင်း ၅၆၀ကို အခြေခံပြီး၊ ယခုတစ်လကို ၂၀၀၀ကျပ် ရရှိပါတယ်။ အသက်ကြီးပြီး ဘတ်စ်ကားမစီးနိုင်တာကြောင့် တက္ကစီစီးပြီး မြို့ထဲကိုသွားရတာဟာ တစ်ခါသွားရင် ၂၀၀၀ကျပ် ကျပါတယ်။ ဒါကြောင့် လစဉ်မထုတ်နိုင်ပါ။ သုံးလတစ်ခါမှ ထုတ်ရပါတယ်။ အသွား/အပြန် တက္ကစီခဖိုးပေးပြီးကျန်တဲ့ငွေကို မိန်းမကိုပေးလိုက်ပါတယ်။ မိန်းမကလည်း ဒီနည်းတဲ့ ပင်စင်ဟာ တိုးပွားပါစေသတည်းဆိုပြီးတော့ ဝါးတစ်လုံးကနှစ်လုံးဖြစ်အောင် ဆောင်ပေးနိုင်တဲ့ ဘိုးဘိုးအောင်ကို မပြီးတော့ အစိုးရရောင်းတဲ့ အောင်ဘာလေထီကို ထိုးလိုက်ပါတယ်။ ထီကလည်း တစ်စောင်ကို ၃၅၀ ဆိုတော့ နှစ်ထောင်ဖိုးလောက်မှ ၅စောင်ပဲရပါတယ်။ ဒါပေမဲ့ ထီမပေါက်တော့ ပင်စင်လစာလည်းဆုံး သွားပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာသင်္ဘောအရာရှိဖြစ်လို့ နိုင်ငံတကာကို ရောက်ဖူးပါတယ်။ ရောက်တဲ့နိုင်ငံတွေရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတွေကို လက်လှမ်းမီသလောက် လေ့လာခဲ့ပါတယ်။ ပင်စင်ကို နှစ်မျိုးနှစ်စားခွဲပြီးပေးတဲ့ နိုင်ငံရယ်လို့တော့ မတွေ့မိခဲ့ပါဘူး။ ကမ္ဘာ့နိုင်ငံတိုင်းမှာ ရှိမယ်လို့လည်း မထင်ပါဘူး။ မြန်မာနိုင်ငံမှာ ပင်စင်ဥပဒေဆိုတာ ရှိတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ကွာဟချက်ဟာ ကြီးမားနေတဲ့အတွက် ပင်စင်စားများစိတ်ချမ်းသာမှု မရှိကြပါ။ သူတို့ဟာ အစွန့်ပစ်ခံ သားသမီးများလို စိတ်အားငယ်နေကြရပါတယ်။ မိဘကရှိသောအခါက ပြုစုကောင်းခဲ့တဲ့ဟာတွေ အမှုထမ်းကောင်းတဲ့ဟာတွေကိုကြည့်ပြီး မေတ္တာတရားထားသင့်ပါတယ်။ ကုန်ဈေးနှုန်းကြီးမားသော ကာလမှာ ဒီပင်စင်စားတွေရဲ့ ဒုက္ခကို သက်သာရာရောက်အောင် ကူညီမယ့်မိဘဆိုလို့ ဒီ အစိုးရသာ ရှိပါတယ်။ သားသမီးများကလည်း အားကိုးတကြီးမျှော်နေကြပါတယ်။ အိုအိုမင်းမင်းအရွယ် ရောက်ကာမှ ငြိမ်းငြိမ်းအေးအေးစပြီးတော့ စိတ်ချမ်းသာလက်ချမ်းသာ နေချင်ကြပါတယ်။ အထူးသဖြင့် ယခု ပြည်သူ့လွှတ်တော်ခေတ် ပေါ်လာတဲ့အခါမှာ ပြောင်းလဲချက်အများကြီးထားရှိနိုင် ကြပါတယ်။ ပင်စင်စားများကို ပေးရတဲ့လစာငွေဟာလည်း တိုင်းပြည်ဘဏ္ဍာငွေရဲ့ ရာခိုင်နှုန်း အနည်းငယ်မျှသာ ရှိမယ်လို့ထင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစွန့်ပစ်ခံ ပင်စင်စားဟောင်းများရဲ့ မေတ္တာချစ်ခင်မှုနဲ့ သားသမီးရဲ့ မိဘပေါ်မှာရယူနိုင်တဲ့ နောင်လာမယ့် မိဘအစိုးရရဲ့ ဂုဏ်သိက္ခာနဲ့ လေးစားမှု ရရေးအတွက် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ မည်သည့်နည်းနှင့်ဖြစ်စေ အသက်အရွယ် အပိုင်းအခြားအလိုက် ပိုင်းခြားမှုကြောင့်ဖြစ်စေ အဟောင်းနဲ့အသစ် တစ်ပြေးညီ ကျောသားရင်သား မခွဲခြားပဲ စီစဉ်ပေးသင့်ပါကြောင်း စမ်းချောင်းမြို့နယ် ဦးစိုးဝင်းရဲ့ ပင်စင်လစာ တိုးပေးရေးအဆိုကို ထောက်ခံပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးမောင်လှ(ခ)ဦးလှမြင့် ၊ ပုလောမြို့နယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးမောင်လှ(ခ)ဦးလှမြင့် (ပုလောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကာယ၊ စိတ္တ နှစ်ဖြာသုခပြည့်ဝကြပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်လှ(ခ)ဦးလှမြင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း အဆိုတင်သွင်းသွားသည့် ပင်စင်လစာငွေများကို နှုန်းထားအလိုက် ကွဲပြားစွာ

ခံစားနေရသည့်အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဥ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်း ပေးပါရန် အဆိုနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပေးခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများရဲ့ပင်စင်လစာတွေကို အချိန်အခါအလိုက် သင့်တင့်လျောက်ပတ်စွာ ပေးအပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ပင်စင်လစာတွေမှာလည်း ပင်စင်လစာ အလွှာအသီးသီး အခြေအနေအမျိုးမျိုး ရှိနေပါတယ်။ ဝန်ထမ်းလစာနဲ့ အငြိမ်းစားလစာ တိုးမြှင့်ဆောင်ရွက်သည့်အခါတိုင်း ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လည့်ပတ်သုံးစွဲငွေ ပမာဏ၊ တစ်မျိုးသားလုံး ပြည်တွင်းအသားတင် ထုတ်လုပ်မှုပမာဏတန်ဖိုး၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေစသည်တို့ကို စဥ်းစားချင့်ချိန်ပြီး စီစဥ်ဆောင်ရွက်ရကြောင်းကို ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသတ္တမနေ့တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ရှင်းလင်းပြောကြားပြီး ဖြစ်ပါတယ်။ အဲဒီရှင်းလင်းချက်တွေကို အဆိုရှင် ကိုယ်စားလှယ် ဦးစိုးဝင်းနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ရေရေလည်လည် သိရှိနားလည်ပြီး ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လစာတိုးပေးတိုင်း နောက်ဆက်တွဲအကျိုးဆက်အနေနဲ့ ပေါ်ပေါက်လာတဲ့ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းမတည်ငြိမ်မှုကလည်း ပင်စင်စားများတင်မက ပြည်သူများကိုပါ တိုးပေးရတာနဲ့မကာမိအောင် ပြန်လည်ဆိုးကျိုး သက်ရောက်နိုင်တာကိုလည်း အလေးထား ထည့်သွင်းစဥ်းစားဘို့လိုပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းသောအဆိုကို လောလောဆယ်ကာလတွင် တင်သွင်းရန် မသင့်ပါကြောင်း လေးလေးနက်နက် အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဦးလှထွန်း(ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း ဖြစ်ပါတယ်။ ခုန စမ်းချောင်းမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း ရဲ့ ပင်စင်လစာငွေကို နှုန်းအလိုက် ကွဲပြားစွာ ခံစားရတဲ့အတွက် ယခုခေတ် ကုန်ဈေးနှုန်းနဲ့ အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့် ၂ ဆင့် သို့မဟုတ် ၃ ဆင့် ခွဲခြားထုတ်ပေးပါရန်နှင့် အသက်အလိုက်

စိစစ်ပြဌာန်းပေးပါရန် ဆိုတဲ့အဆိုကို တင်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ခုနကပဲ ကျွန်တော်တို့ အဆိုကို ဆွေးနွေးကြတဲ့ ဦးခင်မောင်ဝင်း လမ်းမတော် မဲဆန္ဒနယ်၊ ဦးကြည်မြင့် လသာ မဲဆန္ဒနယ် ၊ ဦးသိန်းရီ ထန်းတပင် မဲဆန္ဒနယ်၊ ဦးသာစိန် ကျောက်တော် မဲဆန္ဒနယ်၊ ဦးမောင်လှ (ခ)ဦးလှမြင့် ပုလော မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက် တွေကိုလည်း ကျွန်တော်တို့ ကြားသိကြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ပြီးခဲ့တဲ့ မတ်လ ၁၁ ရက်နေ့ သတ္တမနေ့ အစည်းအဝေးမှာ နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိုင်းကျော်အုန်းရဲ့ မေးခွန်းကို ရှင်းရှင်းလင်းလင်းနဲ့ပဲ ဖြေကြားပြီးဖြစ်ပါတယ်။ အားလုံး အသိပဲဖြစ်ပါတယ်။ သို့သော် ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုအဆင့်အနေနဲ့ ထပ်မံပြောကြား လိုတာကတော့ နိုင်ငံတော်အစိုးရ အနေနဲ့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီးတဲ့နောက်ပိုင်း နိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင် အကျိုးခံစားခွင့်တွေကို ၁၉၇၂ ခုနှစ်၊ ၁၉၈၉ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၆ ခုနှစ်နဲ့ ၂၀၁၀ ပြည့်နှစ်တွေမှာ လစာနှုန်းတွေ ကျွန်တော်တို့ တိုးပေးခဲ့တယ် ဆိုတာလည်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုလစာတွေ တိုးပေးတာနဲ့အညီ ပင်စင်လစာ တွေကိုလည်း ကျွန်တော်တို့ တိုးမြှင့်လိုက်တဲ့ အတွက်ကြောင့် လစာနှုန်းများအတိုင်း အငြိမ်းစားလစာတွေကို ခံစားနိုင်ခဲ့ကြပါတယ်။ ဒါတွေဟာလည်း ကျွန်တော်တို့တည်ဆဲ နည်းဥပဒေများနဲ့အညီ တိုးမြှင့်ပြီးတော့ ခံစားခွင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီပင်စင်ခံစားခွင့်တွေကို တည်ဆဲမြို့ပြ ဝန်ထမ်း စည်းမျဥ်း ဥပဒေအရ နောက်ဆုံးထုတ်တဲ့လစာနဲ့ ပင်စင်ခံစားခွင့်ရှိတဲ့ လုပ်သက်အပေါ်မှာ အခြေခံပြီးတော့မှ အငြိမ်းစားလစာနဲ့ လုပ်သက်ဆုကြေး တွေကို တွက်ချက်ပြီးတော့ ကျွန်တော်တို့ ခွင့်ပြုပေးနေတာဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းများရဲ့ သက်သာချောင်ချိရေးနှင့် ခေတ်အလိုက် ကုန်ဈေးနှုန်းကွာဟချက်တွေကို နည်းနိုင်သမျှနည်းဖို့ နိုင်ငံတော်က အခြေအနေပေးရင်ပေးသလို အပိုထောက်ပံ့ကြေးတွေ ကျွန်တော်တို့ ပေးပါတယ်။ ပင်စင်လစာတွေကိုလည်း ကျွန်တော်တို့ တိုးမြှင့်ပေးတယ်။ ဒါတွေဟာ ဘယ်နှစ်ခုနှစ်တွင် ဆောင်ရွက် ခဲ့တယ်လို့ ပြန်ကြည့်ရင် ၁၉၇၇ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ်တို့မှာ ရှားပါး စရိတ်နဲ့ ကျွန်တော်တို့ အပိုထောက်ပံ့ကြေးတွေ ပေးခဲ့ပါတယ်။ နောက်တစ်ခါ ၁၉၉၃ ခုနှစ်မှာတော့ ကျွန်တော်တို့ ပင်စင်လစာကို ၂၅ % ရာခိုင်နှုန်း တစ်ခါထပ်တိုးပေးခဲ့ပါတယ်။ တစ်ခါ ၂၀၀၀ ပြည့်နှစ် မှာလည်း ပင်စင်လစာကို ၂ ဆ ကျွန်တော်တို့ ထပ်ပြီးတော့ တိုးမြှင့်ပေး ခဲ့ပါတယ်။ ဒီလို တိုးမြှင့်ပေးခဲ့ တာကို ပြန်ကြည့်ရင် နိုင်ငံတော်အစိုးရဟာ မိမိရဲ့ မိသားစုသဖွယ်ဖြစ်တဲ့ ဝန်ထမ်းများရဲ့ စားဝတ်နေရေး သက်သာချောင်ချိရေးတွေကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စေတနာအပြည့်နဲ့ ဆောင်ရွက်ပေးခဲ့တယ်ဆိုတာတွေဟာ သိသာထင်ရှားပါတယ်လို့ ထပ်လောင်း ကျွန်တော်တို့ ပြောချင်

ပါတယ်။ ပြီးခဲ့တဲ့ မတ်လ ၁၀ ရက်နေ့ ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ မေးခွန်းရဲ့ အဖြေမှာလည်းပဲ လောလောဆယ်မှာဖြင့် ကျွန်တော်တို့ဟာ အငြိမ်းစားလစာတိုးမြှင့်ပေးဖို့ကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ကြည့်ရပါမယ်။ ငွေကြေး ဖောင်းပွမှုနှုန်း (Inflation) ကြည့်ရပါမယ် ။ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲတဲ့ငွေ ( CIC )လို့ခေါ်တဲ့ ( Currency in Circulation )၊ ကုန်ဈေးနှုန်း အခြေအနေတွေ၊ တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (G.D.P)တွေ ဒါတွေကို ကျွန်တော်တို့ပေါင်းစပ်ပြီးတော့ သင့်တော်သော အချိန်မှာ စဉ်းစားဆောင်ရွက် သွားမှာ ဖြစ်တယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ ဒါကြောင့် ခုန စမ်းချောင်း မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းမှလည်း ပင်စင်တွက်တဲ့နေရာမှာ အဆင့် ၂ ဆင့် သို့မဟုတ် ၃ ဆင့် ခွဲခြား ထုတ်ပေးဖို့ အသက်အုပ်စုအလိုက်စိစစ်ဆောင်ရွက်ဖို့ ဆိုတဲ့ဟာတွေဟာ လုပ်ငန်းသဘောသဘာဝမှာ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ ပိုမိုပြီးတော့မှ ခက်ခဲမှုတွေ ဖြစ်လာနိုင် တဲ့အတွက်ကြောင့် ၎င်းရဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုးဝင်း စမ်းချောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ အဆိုပေါ် မှုတည်ပြီးတော့ ဆွေးနွေးသူ ၅ ယောက်အနက် ၂ ယောက်က ထောက်ခံပြီးတော့ ၃ ယောက်က ကန့်ကွက် ဆွေးနွေးခဲ့ပါတယ်။ ပြည်ထောင်စု အဖွဲ့ဝင်ကလည်း ဒီအဆိုဟာ စေတနာမှန်သော် လည်းလုပ်နည်းလုပ်ဟန် မမှန်ကန်တဲ့အဆို ဖြစ်တဲ့အတွက် ဆက်လက်ဆွေးနွေးရန် မလိုတဲ့ အကြောင်း ဆွေးနွေးသွားတာရှိပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ထောက်ခံဆွေးနွေးသည်ဖြစ်စေ၊ ကန့်ကွက် ဆွေးနွေးသည်ဖြစ်စေ၊ ဒီလိုဆွေးနွေးချက်တွေက လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် တာဝန် ရှိသူများအနေနဲ့ သတိပြု သုံးသပ်သင်ခန်းစာ ယူစရာလည်းများစွာ ပေါ်ထွက်ခဲ့ပါတယ်။ ဒါကြောင့် လည်းဆွေးနွေးတဲ့နေရာမှာ ဒီအဆိုနဲ့ပတ်သက်ပြီး ယခင်ဆွေးနွေးခဲ့တဲ့ တင်ပြခဲ့တဲ့ အဆိုနဲ့ ထပ်တူနီးပါး တူနေတဲ့အတွက် အခြားဥပဒေကြောင်းအရ ဥပဒေကြောင်းဆိုတာက ပြည်သူ့လွှတ်တော် ဥပဒေ၊ နည်းဥပဒေအရ ဆွေးနွေးရန်မလိုတော့ဘူးဆိုပေမယ့် ဥက္ကဋ္ဌအနေနဲ့ အဆိုရှင်ရဲ့စေတနာနဲ့ ရည်ရွယ်ချက် ပေါ်လွင်အောင်ရယ် ပြီးတဲ့အခါမှာ ဒီအဆိုပေါ် မူတည်ပြီးတော့ ကျန်တဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမြင်တွေရယ် ပေါင်းစုံဆွေးနွေးလိုက်မယ်ဆိုရင် ပိုပြီးတော့ ကျယ်ပြန့်နိုင်တဲ့ အမြင်တွေ၊ သုံးသပ်ချက်တွေ ပေါ်လာမယ်ဆိုတဲ့ အယူအဆနဲ့ အချိန်ပေးပြီးတော့ ဆွေးနွေးခိုင်းခြင်း ဖြစ်ပါတယ်။ အကြံပေးဆွေးနွေးခဲ့တာနဲ့အမျှ ခုန သုံးသပ်ဆွေးနွေးခဲ့တဲ့ ပုဂ္ဂိုလ် ၅ ဦးတို့ အနက် ၂ ဦးက ထောက်ခံဆွေးနွေးတယ်။ ၃ ဦးက ကန့်ကွက် ဆွေးနွေးတယ်။ အဲဒီဆွေးနွေးချက်တွေမှာ အဆိုနဲ့မပတ်သက်သော်လည်း သတိထားစရာတွေ၊ သင်ခန်းစာယူစရာတွေများစွာ ပေါ်ထွက်လာတဲ့

အတွက် အခုလိုတင်သွင်းတဲ့ ဦးစိုးဝင်းနဲ့ အဆိုပေါ်မူတည်ပြီးတော့ ဆွေးနွေးကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့ဝင် ကိုယ်စားလှယ်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ အဲဒီအတိုင်းပဲ ဒီဆွေးနွေးချက်တွေဟာ အလဟဿ မဖြစ်သွားပါဘူး။ မှတ်တမ်းတင်ပြီး လိုအပ်သလို သုံးသပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်ပြီးတော့ ကျွန်တော် ဆွေးနွေးလိုတာက အခု ဦးစိုးဝင်း အဆိုပြု ဆွေးနွေးတာက စေတနာကောင်းပါတယ်။ စေတနာရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တွေ သတိပြုရမှာက စေတနာကောင်း၊ စေတနာ မှန်သော်လည်း လုပ်နည်းလုပ်ဟန် မှန်ဖို့လိုပါတယ်။ ဘယ်လောက်ပဲ စေတနာကောင်းကောင်း၊ စေတနာမှန်မှန်၊ လုပ်နည်းလုပ်ဟန် မှားတယ်ဆိုလို့ရှိရင် စေတနာဟာ အကျည်းတန်ပြီးတော့ ပြောင်းပြန်အကျိုးဆက်များလည်း ဖြစ်တာဆိုတာမျိုးလည်း ကျွန်တော်တို့ သတိပြုဖို့လိုပါတယ်။ အခု ပြည်ထောင်စုအဆင့် ဆွေးနွေးတဲ့ နောက်ဆုံးတင်ပြချက်မှာလည်း ပင်စင်စားများ အပါအဝင် လစာစားနေတဲ့ ဝန်ထမ်းများရဲ့ လစာငွေများ တိုးမြှင့်ရေးနှင့် ပတ်သက်ပြီးတော့ အချိန်အခါ အခြေ အနေပေါ်မူတည်ပြီးတော့ သုံးသပ် ဆောင်ရွက်ပါမယ်လို့ ပြောဆိုဆွေးနွေး ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ပိုင်း သက်ဆိုင်ရာဌာနပိုင်းအနေနဲ့ ပင်စင်လစာနဲ့ ဝန်ထမ်း အငြိမ်းစား လစာများကို အချိန်အခါ အခြေအနေပေါ် မူတည်ပြီးတော့ သုံးသပ်ဆောင်ရွက်ပြီး တိုးပေး သွားမယ် ဆိုတာ ပြောသွားတာ ဖြစ်တဲ့အတွက် ပင်စင် အငြိမ်းစားလစာများ တိုးမပေးဘူးဆိုတဲ့ အဓိပ္ပါယ် မဟုတ်ပါဘူး ။ တိုးပေးပါလိမ့်မယ်။ အချိန်အခါ အခြေအနေအရ တွက်ချက်ပြီးမှ ဆောင်ရွက်ပါ လိမ့်မယ်။ သို့ရာတွင် အဲလိုဆောင်ရွက်တဲ့အခါမှာ အခု အဆိုပြုထားတဲ့အတိုင်းတော့ မဖြစ်နိုင်ဘူး။ ဘာကြောင့်လည်း ကျွန်တော်တို့အားလုံး လိုက်နာဆောင်ရွက်ရမှာက ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ တည်ဆဲဥပဒေ ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု တင်ပြထားတဲ့ အဆိုရဲ့ အနှစ်သာရကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် စေတနာ မှန်ပါတယ်။ သို့ရာတွင် လုပ်နည်းလုပ်ဟန် အနေနဲ့ လွဲမှားနိုင်စရာများ အကြောင်းရှိတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့တော့ ဒီအဆိုဟာ ဆက်လက်ဆွေးနွေးရန် မသင့်ဘူးလို့ ယူဆပါတယ်။ သို့ရာတွင် မိမိရဲ့ အယူအဆပါ။ သက်ဆိုင်ရာ အဆိုတင်သွင်းတဲ့ ဦးစိုးဝင်းရဲ့သဘောထားလည်း သိလိုပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ကျွန်တော် စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ကနေပြီးတော့ ဆုတောင်းမေတ္တာပို့

ပါတယ်။ ကနေ့ ကျွန်တော်တင်ခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ အားလုံးဆွေးနွေးသွားတဲ့ အပိုင်းထဲမှာ လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း ဒီအဆိုနဲ့ပတ်သက်ပြီးတော့ တင်ပြချက်များတာတွေရှိပါတယ် ဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဟာ အခုမှ ဒီလွှတ်တော်မှာ ရောက်ရှိလာတဲ့ ပထမအကြိမ် အတွေ့အကြုံပါ။ အတွေ့အကြုံဆိုတော့ ခုနကတင်ပြထားတဲ့အတိုင်း စေတနာအတိုင်းပဲ တင်ပြခဲ့တာတော့ အမှန်ပါ။ ကျွန်တော် ဒီအဆိုကို တင်ခဲ့တာဟာလည်း ဖေဖော်ဝါရီ ၉ ရက် နေ့က တင်ခဲ့တာဖြစ်ပါတယ်။ ဒီလွှတ်တော်မှာ ပြီးခဲ့တဲ့မေးခွန်းကို ဖြေခဲ့တာ မတ်လ ၁၀ ရက်ပါ။ အဲဒီတော့ကျတော့ ကျွန်တော် သဘောပေါက်တဲ့ဟာက ဒီမေးခွန်းတွေကို၊ ဒီအဆိုတွေကို ဆက်တင်ခွင့် ပြုတာဟာ စိစစ်ပြီးမှ တင်ခွင့်ပြုတယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်။ ဒီလွှတ်တော် ဥပဒေ တွေအရ ၊ ဒီနည်းဥပဒေ တွေအရ ဒီဟာတွေဟာ တစ်ထပ်တည်းကျပြီးတော့ ဆွေးနွေးခွင့်မရှိဘူးဆိုတာမျိုး ကျွန်တော်က အဲဒီသဘောပေါက်တာလေးတစ်ချက်လွဲသွားပါတယ်။ ကျွန်တော် သဘောပေါက်တဲ့ အတိုင်းကတော့ ခုနကအတိုင်း ခွင့်ပြုတယ်လို့ ကျွန်တော်ဒီအဆိုကို တင်ပြီးတော့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်ဆွေးနွေးခဲ့တာကတော့ ဒေါက်တာစိုင်းကျော်အုန်း တင်ခဲ့တဲ့ မေးခွန်းဟာ လစာ၊ ဝန်ထမ်းတွေရဲ့လစာ၊ သူဟာ လစာဘဲပါ ပါတယ်။ ကျွန်တော်တင်တဲ့ အဆိုဟာ လစာမပါပါဘူး။ ကျွန်တော်ဒီပင်စင်စားတွေအတွက်ဘဲ အဓိကထားပြီးတော့ တင်ခြင်းဖြစ်ပါ တယ်။ အဲဒီတော့ ကျွန်တော့်ရဲ့ တင်ပြတဲ့အဆိုဟာ အဆင့်တွေလွဲမှားနေတယ်ဆိုရင် ဒါတွေအတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်။ ဒီအဆိုကိုလည်း လွှတ်တော် ဥက္ကဋ္ဌကြီး ကိုယ်တိုင် ကနေပြီးတော့ ပင်စင်စားတွေအတွက် ပိတ်ပင်တာ မဟုတ်ပါဘူး ။ မရဘူးလို့ပြောတာ မဟုတ်ပါဘူး။ ဆက်ပြီးတော့ စဉ်းစားပေးမယ်ဆိုလာတဲ့အတွက်ကို ကျွန်တော်လည်း အများကြီး ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အဲဒီတော့ ကျွန်တော်ရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ နောင်အလျဉ်းသင့် သလိုတော့ ဒီပင်စင်စားတွေအတွက် ကိစ္စကို အဓိကထားပြီးတော့ စဉ်းစားပေးပါလို့ ကျွန်တော် ပြောရင်းနဲ့ လက်ရှိတောင်းဆိုထားတဲ့အတိုင်း ကျွန်တော်လိုက်လျောပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ ဦးစိုးဝင်းရဲ့အဆိုကို တောင်းဆိုတာ မဟုတ်ပါဘူး အခြေအနေရှင်းပြတာပါ။ ဒါကြောင့်မို့လို့ ဦးစိုးဝင်းအနေနဲ့ ကျွန်တော်တို့အားလုံးက ရှင်းပြတဲ့အခြေအနေပေါ်မူတည်ပြီးတော့ နားလည်တယ်၊ လက်ခံတယ် ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆွေးနွေးရန် မလိုတော့ဘူးဆိုတာကို ကျွန်တော်လွှတ်တော်ကိုလည်း ဒီလိုဘဲ တင်ပြပြီးတော့ အတည်ပြုချက် ရယူပါ မယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များကြားတဲ့အတိုင်းဘဲ စမ်းချောင်းမြို့နယ်၊ ပြည်သူ့

လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ အဆိုတင်ပြမှုကို ဦးစိုးဝင်းက ပြန်လည်ရုပ်သိမ်းမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ရဲ့သဘောထားကို မေးပါမယ်။ လွှတ်တော်အနေနဲ့ သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်၏ ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့် နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဉ်းစား ခွဲခြား ထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန်အဆိုကို ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ “ တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခသတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် ” အဆိုကို လွှတ်တော် ကိုယ်စားလှယ်များဆွေးနွေးခြင်း

**ဥက္ကဋ္ဌ ။** ။ ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်က တောင်သူလယ်သမားများရဲ့ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခသတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်အဆိုကို ဦးမျိုးသန့် ၊ ရေတာရှည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၉။**

**ဦးမျိုးသန့် (ရေတာရှည် မဲဆန္ဒနယ်) ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ကျန်းမာရွှင်လန်းကြစေကြောင်းနဲ့ တောင်သူလယ်သမားများ တည်ငြိမ်သော ဈေးနှုန်းထက် ပိုမိုကောင်းတဲ့ ဈေးနှုန်းများရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့် ဖြစ်ပါတယ်။ ပုဇွန်တောင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် တင်သွင်းထားတဲ့ တောင်သူလယ်သမားများရဲ့ ထုတ်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် အဆိုနဲ့ပတ်သက်လို့ ဆွေးနွေးမှာ ဖြစ်ပါတယ်

ခင်ဗျား။ ကျွန်တော်က ဆန်စပါးနဲ့ ဆန်စက်လုပ်ငန်းကို လက်ရှိလုပ်ကိုင်နေတဲ့သူ ဖြစ်တဲ့အတွက် တောင်သူလယ်သမားများနဲ့ အမြဲထိတွေ့ဆက်ဆံနေရတာဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ပေးထားတဲ့ စီးပွားရေး ဦးတည်ချက်များထဲမှာ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ဦးတည်ချက်အရ တောင်သူလယ်သမားများရဲ့ ထုတ်ကုန်သီးနှံများဟာ လွတ်လပ်စွာ သယ်ယူ၊ သိုလှောင် ရောင်းချနိုင်ခဲ့ပြီးတော့ ယနေ့ လယ်ယာလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်ရောင်းဝယ်နိုင်ကြတဲ့ အတွက်ကြောင့် တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ တစ်ဆင့်နဲ့တစ်ဆင့် တိုးတက်မြင့်မား နေတာကို ကျွန်တော်တို့ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမြင်မှန်စွာ သိရှိပြီးဖြစ်ပါတယ်။ လက်ရှိမှာတော့ တောင်သူလယ်သမားတွေက တည်ငြိမ်သော ဈေးနှုန်းကို မလိုလား ပါဘူး။ ဈေးကောင်းကောင်းနဲ့ ရောင်းချင်တဲ့တောင်သူများ ရှိတယ်လို့ ကျွန်တော် ခံယူပါတယ်။ ဒါကြောင့်မို့လို့ ပုဇွန်တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြရရင် စေတနာတွေ၊ ရည်ရွယ်ချက်တွေ အထူးကောင်းမွန်ပါတယ်။ ဒါပေမယ့် လက်တွေ့လုပ်ဆောင်တဲ့နေရာမှာ၊ သိုလှောင်မှုမှာ ထိန်းသိမ်းနိုင်တဲ့ ကျွမ်းကျင်တဲ့ဝန်ထမ်းတွေ ကျွန်တော်တို့မှာ အခက်အခဲတွေရှိနိုင်ပါတယ်။ နောက်တစ်ခါ အပ်နှံထိန်းသိမ်းမှုလိုအပ်တဲ့ သီးနှံတွေရဲ့ အမျိုးအစားဟာ စပါးတစ်မျိုးတည်းမှာပဲ အမယ်ပေါင်း များစွာ ကွဲပြားနေတဲ့အတွက် ထိန်းသိမ်းတဲ့နေရာမှာ ခက်ခဲမှုတွေ၊ ရှုပ်ထွေးမှုတွေ၊ မလိုလားအပ်တဲ့ ပြဿနာတွေ ရှိနိုင်ပါတယ်။ နောက်တစ်ချက်က သီးနှံများအပ်နှံစဉ်အချိန်က အလေးချိန်နဲ့ အရည်အသွေးဟာ ထိန်းသိမ်းနိုင်တဲ့ကာလ ကြာမြင့်လာတာနဲ့အမျှ အလေးချိန် လျော့ခြင်း၊ အရည်အသွေးများ ကျဆင်းပြောင်းလဲတတ်တဲ့အတွက် စံချိန်သတ်မှတ်ပြီးတော့ ထိန်းသိမ်းရမယ့် အခက်အခဲ တွေ့ရှိနိုင်ပါတယ်။ အရေးအကြီးဆုံး တစ်ချက်ကတော့ တစ်နိုင်ငံလုံး အတိုင်းအတာ နဲ့ ဒါတွေကို ထိန်းသိမ်းရမယ်ဆိုရင် လုံလောက်တဲ့ သိုလှောင်ရုံတွေ၊ ဂိုဒေါင်ရုံတွေ ကျွန်တော်တို့မှာ ပြည့်စုံမှု မရှိပါဘူး။ ဒါကတော့ ကုန်သွယ်လယ်ယာ ဖျက်ပြီးတဲ့နောက်မှာ ဂိုဒေါင်များ ပြည်သူ့လက်ထဲကို တရားဝင်လေလံတင်ပြီး ရောင်းချတဲ့အတွက်ကြောင့် နိုင်ငံတော်မှလည်း သိုလှောင်နိုင်မှု အနေ အထား နိုင်ငံခြားပို့ဖို့လောက်ဘဲ ထားတယ်လို့ မှတ်ယူပါတယ်။ နောက်တစ်ချက်ကတော့ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်တဲ့အတွက် မည်သူကတာဝန်ခံပြီး၊ မည်သို့လျော်မလဲ၊ ဒီအချက်ကလည်း စဉ်းစားစရာအချက် ဖြစ်ပါတယ်။ တချို့ဒေသတွေမှာတော့ တစ်ပိုင်တစ်နိုင် ပုဂ္ဂလိကပိုင်းပဲ အပ်နှံမှုတွေရှိပြီး ဒါတွေဟာလည်း သူဟာနဲ့သူ အဆင်ပြေပြေလေးတွေ အပ်နှံတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီအပိုင်းက တောင်သူများမှာ သိုလှောင်ထိန်းသိမ်းခအပြင် အလျော့တွက်ခတွေ၊ ဆေးသွင်းရမယ့် ပဲတို့ဘာတို့ ဆေးအုပ်တာတွေ၊ လုပ်အားခတွေ၊ သယ်ယူခတွေ၊ စရိတ်တွေဟာ အများအပြား တက်လာနိုင်တဲ့အတွက် ပုဇွန်တောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးအောင်ဇင်၏ အဆိုမှာ စေတနာလည်း ကောင်းပါတယ်၊ ရည်ရွယ်ချက်လည်းကောင်း ပါတယ်။ တောင်သူများအတွက်ကတော့ ဒီဥပဒေ ပြဋ္ဌာန်းမှုဟာ မလိုအပ်ဘူးလို့ ကျွန်တော် ယူဆတဲ့အတွက် ဒီအဆိုကို ပြန်လည်ရုပ်သိမ်း သင့်ကြောင်း ကျွန်တော်တင်ပြဆွေးနွေးရင်း နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ဦးကြည်မြင့်၊ လသာမြို့နယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၄။**

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)** ။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဧည့်သည်တော်များအားလုံး ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာ စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လသာမြို့နယ်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်ရဲ့အဆိုကို ပြန်လည်ဆွေးနွေးချင်ပါတယ်။ ဒီအဆိုမှာက တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေချင်တယ်လို့ စတင်ထားပါတယ်။ ဒါပေမယ့် တောင်သူလယ်သမားတွေက ဘယ်လိုသဘောထားမယ်လို့ မသိဘူးပေါ့လေ။ သို့သော်လည်းပဲ တည်ငြိမ်စေသော ဈေးရရှိစေခြင်းမှာဆိုတာက ဈေးကျနေလို့ရှိရင် မနိမ့်တဲ့ဈေးနဲ့ အစိုးရနှင့် ပုဂ္ဂလိက တို့က ပိုက်ဆံရှင်းပေးထားရမယ်။ ပြီးတော့ကာ ဘယ်ကာလအထိ ကြာမြင့်မယ်လို့ မသိတဲ့ ကြီးမားတဲ့ စရိတ်တွေ အကုန်အကျခံပြီးတော့ ကောင်းစွာထိန်းသိမ်းသိုလှောင် ထားပေးရမယ်။ ကြိုက်ဈေးရတဲ့ အခါမှ နည်းပါးလှတဲ့ ထိန်းသိမ်းခလေးကို သင့်တင့်တဲ့ ထိန်းသိမ်းခဆိုပြီးတော့ ပြန်ထုတ်မယ်၊ ပေးမယ်၊ ကုန်ပစ္စည်းတွေ ပြန်ထုတ်မယ်၊ ဈေးကြီးနဲ့ရောင်းမယ် စတဲ့အခွင့်အရေးကို ဖန်တီးပေးရေး ဖြစ်နေပါတယ်။ ဒါကို ပြည်သူ့လွှတ်တော်က ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းပေးရမယ်လို့ ဆိုထားတာ ဖြစ်နေပါတယ်။ မေးစရာတွေက အများကြီးရှိပါတယ်။ စောစောက ရေတာရှည်မဲဆန္ဒနယ်က ဦးမျိုးသန့်က သူကိုယ်တိုင် တောင်သူလယ်သမားတစ်ယောက် ဖြစ်ပါတယ်လို့ဆိုတယ်။ သူကနေပြီး တော့မှ သိုလှောင်ရခက်ခဲတဲ့ အကြောင်းကိုပြောပါတယ်။ ပစ္စည်းအပ်တဲ့အခါမှာ လက်ခံတော့ တစ်မျိုး၊ ပြန်ထုတ်တော့ အလေးချိန်က လျော့မယ်ဆိုတာလည်း ပြောပါတယ်။ နောက်တစ်ခါ ဦးမျိုးသန့် ပြောတဲ့အထဲမှာ တောင်သူလယ်သမားက တည်ငြိမ်တဲ့ဈေးကို မလိုချင်ဘူး၊ ဈေးကောင်းကောင်း ရချင်တယ်ဆိုတဲ့ အချက်ပါ ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စီးပွားရေးသဘော တရားမှာက ဈေးနှုန်းတက်မှ တက်မယ့်ဈေးနှုန်းကို မှန်းပြီးတော့ တောင်သူလယ်သမားက ပိုမိုပြီးတော့ စိုက်ပျိုးထုတ်လုပ်ပါတယ်။ ဈေးငြိမ်နေရင်သူက ဈေးကောင်းရမယ့် သီးနှံကိုရှာပြီးတော့ ထုတ်လုပ် ပါတယ်။ နောက်တစ်ခါ ထိန်းသိမ်းထားတယ်ဆိုတာက ဥပမာ အစိုးရဆိုတာနဲ့ ကုမ္ပဏီကြီးတွေ

ဆိုတာပေါ့လေ။ မြေကြီးကို တွင်းနက်ကြီးတူးပြီး ကွန်ကရစ်ရံပြီးတော့မှ ဒီအဏုမြူခါတ်ပေါင်းဖို လောက်နီးနီး အကုန်အကျခံပြီးတော့မှ သိုလှောင်ရမှာ ဖြစ်ပါတယ်။ အဲဒီစရိတ်စကတွေကတော့ တောင်သူလယ်သမားက ဘယ်လိုပေးမှာလည်း၊ အဲဒီတော့ သူ့အဆိုမှာက သင့်တင့်သော ထိန်းသိမ်းခဘဲ သူကပေးမှာပါ။ အဲဒီတော့ နိုင်ငံတော်နဲ့ ကုမ္ပဏီကြီးတွေက စရိတ်စက ကျန်တဲ့ အများစုကို အချောင်စိုက်ရ တော့မလို ဖြစ်ပါတယ်။ ဒါက ကျွန်တော်နဲ့ ဦးမျိုးသန့်နဲ့ အမြင်တူတာလေး စပ်မိလို့ ကျွန်တော် ဆက်ပြောတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် မေးချင်တာက တည်ငြိမ်တဲ့ ဈေးဆိုတာက ဈေးကျနေတုန်း ပြောနေတာဖြစ်တယ်။ ဈေးတက်ရင်ရော အများပြည်သူအတွက် ဒီလိုအပ်မှာလား၊ ဈေးကွက် စီးပွားရေးစနစ်ဆိုပြီးတော့ ကိုယ့်ဟာကိုယ်တော့ ထုတ်သွားကြမှာပါပဲ။ သီးနှံတွေဈေးတက်နေတယ်။ ဈေးကျအောင်ဆိုပြီး အစိုးရကနေပြီးတော့ ကျန်တဲ့ပြည်သူတွေ ဈေးသက်သက်သာသာ စားလို့ရအောင် နိုင်ငံခြားကနေသွင်းမယ်ဆိုရင်ရော တောင်သူလယ်သမား တွေဘက်က ဦးအောင်ဇင်တို့က လက်ခံပါသလား။ ဘာပြောဦးမှာလည်း အဲဒီလိုမျိုးကိစ္စတွေရှိပါတယ်။ ဒီတော့ကာ နောက်တစ်ခါ ကျွန်တော် ပြောချင်တဲ့ကိစ္စကတော့ သင့်တင့်တဲ့ထိန်းသိမ်းခ ဆိုတာဟာ တကယ့်ကုန်ကျစရိတ်အချို့ကို ပုဂ္ဂလိကနဲ့အစိုးရက ကျခံပေးဖို့ဆိုတာ ဖြစ်နေတယ်။ ဒီတော့ ပြည်သူတွေမှာ ပြည်သူတွေ (Point Of View) ကပေါ့လေ ပြည်သူတွေဘက်ကနေပြီးတော့ မိအေးသုံးခါနာနေတာ ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာကို ဒါမှမဟုတ်ရင်လည်း ကော်မတီရှယ်ယာတွေ ဝင်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ငွေတွေကို အတိုးမပါဘဲနဲ့ မနိမ့်ကျတဲ့ဈေးနဲ့ စပါးတွေ၊ ကောက်ပဲသီးနှံတွေကို ကြိုတင်ဝယ်ယူတဲ့အခါမှာ ထုတ်ပေးလိုက်ရပါမယ်။ သိုလှောင်ခ တစ်ချို့ ကိုလည်းကျခံပေးရပါမယ်။ နောက်ဆုံးမှာတော့ ဈေးပေါတုန်းမှာ ပြည်သူတွေက ဝယ်မစားရဘဲနဲ့ ဈေးကြီးမှ ပြန်ဝယ်စားရမယ့်ကိစ္စ ဖြစ်နေပါတယ်။ ဒါတွေဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅ ပါ နိုင်ငံတော် စီးပွားရေး စနစ်၊ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဆိုတာနဲ့ မကိုက်ညီပါဘူး။ အဲဒီတော့ ဒီ ( Subsidy ) လုပ်တဲ့ကိစ္စ၊ ထောက်ပံ့ကြေးပေးတဲ့ကိစ္စမျိုးက ကြားဖူးနားဝအနေနဲ့တော့ အများကြီးပေါ့လေ၊ အဲဒီတော့ ဂျပန်နိုင်ငံမျိုးမှာ လုပ်တာကိုကြားဖူး ကြပါလိမ့်မယ်။ အဲဒီတော့ ဂျပန်ကလုပ်ကွက်က သေးပြီးတော့ သီးနှံအထွက် များဖို့ကို စရိတ်ကြီးကြီးနဲ့ စိုက်ပျိုးထုတ်လုပ်ရမှုတွေ ရှိပါတယ်။ အဲဒီတော့ သူရဲ့ ရည်ရွယ်ချက်က နိုင်ငံခြားကသွင်းလို့ရှိရင် ဒီသီးနှံက ခေါက်ချိုး သက်သာပါတယ်။ သို့ပေမယ်လို့ အမျိုးသားလုံခြုံရေးအတွက် ဂျပန်တွေနောက်ဆိုလို့ရှိရင် စပါးမစိုက်တတ်တော့မှာ စိုးလို့ သုံးရတဲ့နည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အတွက်ကတော့ ဒါတွေက မလိုအပ်ပါဘူး။ ဒီမူဝါဒကို ပြင်သစ်က သုံးပြီးတော့ တခြားအီးယူနိုင်ငံတွေနဲ့ ပဋိပက္ခ ဖြစ်နေရပါတယ်။ ကမ္ဘာ့စီးပွားရေး ပရိဂရမ်တွေမှာ၊

ထိပ်သီးဆွေးနွေးပွဲတွေမှာ ဒီထောက်ပံ့ကြေးပေးတဲ့နည်းကို ဖျက်ဖို့ပြောနေပါတယ်။ ကျွန်တော်တို့ဆီမှာ ဒီစနစ်ကို သုံးမယ်ဆိုရင်တော့ လယ်သမားတွေက အချောင်လိုက်တဲ့အကျင့်တွေ ရသွားမှာ စိုးရိမ်ရပါတယ်။ တကယ်တော့ ဒီ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၃ မှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတပြီး တန်ဖိုးရရှိရန် ကူညီ ဆောင်ရွက်မယ် လို့ အတိအလင်းပါရှိပါတယ်။ ဒီတော့ အစိုးရက ကြည့်နေမှာတော့ မဟုတ်ပါဘူး။ ဘယ်အစိုးရပဲဖြစ်ဖြစ် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တက်လာမယ့်နောက် အစိုးရသစ်အနေနဲ့လည်းပဲ တခြားသော မျှတတဲ့နည်းတွေနဲ့ လုပ်ကိုင်ပေးမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အစိုးရတွေ အနေနဲ့လည်း တခြားမျှတတဲ့နည်းတွေနဲ့ လုပ်ကိုင်ပေးခဲ့တာလည်း အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်နေနဲ့က ဒီဆွေးနွေးချက်ကို ဒီမှာပဲ ရပ်ခွင့်ပြုပါလို့ တောင်းဆိုပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၃၁။**

**ဦးစောသိန်းအောင် (လှိုင်းဘွဲ့ မဲဆန္ဒနယ်)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနှင့် ပြည့်ဝ၍ လိုအင်ဆန္ဒပြည့်ဝပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်သည် ကရင်ပြည်နယ် ၊ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်၏ အဆိုဖြစ်သော တောင်သူလယ်သမား၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်ဟူသော အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ အဲဒီအဆိုကို ထောက်ခံဆွေးနွေးတယ်ဆိုတဲ့ နေရာမှာလည်း ကျွန်တော့်ရဲ့ပတ်ဝန်းကျင်က လက်ရှိမှီတင်းနေကြတဲ့ အချို့သော တောင်သူလယ်သမားတွေရဲ့ ဘဝအခြေအနေကို ထင်ဟပ်ပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးလက်ဒေသတွေမှာ တောင်သူလယ်သမားတွေဟာ သူတို့ပိုင်တဲ့လယ်ယာလုပ်ငန်းကို အားသွန်ခွန်စိုက် ကြိုးစားပြီးတော့ ဆောင်ရွက်တဲ့အခါမှာ တစ်ခါတစ်ရံ သူတို့ဆောင်ရွက်စိုက်ပျိုးတဲ့ လုပ်အားခနဲ့ အဲဒီဆန်စပါးတွေ ပြန်ရောင်းတဲ့ လုပ်အားခ မကာမိလို့ အရှုံးဟာ ပေါ်နေပါတယ်။ သာဓကတစ်ခုနဲ့ ပြမယ်ဆိုရင် ကျွန်တော့်ရွာက တောင်သူလယ်သမား တစ်ယောက် ဆယ်ဧကလောက်လုပ်ပါတယ်။ အဲဒီဆယ်ဧက တစ်နှစ်လုပ်တဲ့ အခါမှာ စပါးတော်တော်များများ ထွက်ပါတယ်။ ဒါပေမဲ့ ရောင်းတဲ့အခါကျတော့ စပါးတစ်တင်းဟာ အဲဒီအချိန်တုန်းက ၃၀၀၀ လောက်ပဲရှိပါတယ်။ အဲဒါကြောင့် ရင်းလိုက်ရတာ ၃၀၀၀

မကဖြစ်တဲ့အတွက် ဘယ်လိုဖြစ်သွား သလဲဆိုရင် သူဟာနောက်နှစ်ကျတော့ အဲဒီလယ် ဆယ်ဧက ဆိုတဲ့ လုပ်ငန်းကို လျော့ပြီးတော့ တစ်နှစ်ဝမ်းစာ၊ သရေစာ စားသောက်ဖို့အတွက် ၃ဧက၊ ၄ဧကလောက်ကို ပြန်လုပ်ပါတယ်။ အဲဒီတော့ တောင်သူလယ်သမားများအနေနဲ့ ဒီဈေးနှုန်းကို တည်တည်ငြိမ်ငြိမ် မဖြစ်နိုင်တဲ့ အနေအထားတစ်ခုရှိတဲ့ အနေအထားမှာ များစွာနစ်နာတယ်၊ နောက်ပြီးတော့ လယ်ယာ လုပ်ငန်းမှာလည်း များစွာဆုတ်ယုတ်သွားတယ်ဆိုတဲ့ အနေအထားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဦးအောင်ဇင်ရဲ့ စေတနာကတော့ တောင်သူလယ်သမားဟာ သူတို့ရဲ့ထုတ်လုပ်လာတဲ့ စပါး၊ ဆန် ဖြစ်ဖြစ်၊ ကောက်ပဲသီးနှံပဲဖြစ်ဖြစ် သူတို့ကရောင်းချချင်တယ်ဆိုတဲ့ အနေအထားမှာ အဲဒီလို ကုန်သည်ပွဲစားတွေက ဈေးကစားတာပဲဖြစ်ဖြစ် အခြေအနေအရကြောင့် ဈေးနိမ့်သွားတဲ့အခါမှာ အရှုံးပေါ်မှာဖြစ်တဲ့အတွက် အဲဒီအနေအထားကို ကာကွယ်မိအောင်ဆိုတဲ့ သဘောမျိုးနဲ့ စေတနာမှန် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် စပါး ၁ တင်းကို ၁၀၀၀ နဲ့ရင်းတဲ့အခါမှာ နိုင်ငံတော်ကဖြစ်ဖြစ်၊ လယ်ယာလုပ်ငန်း တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်ဖြစ်၊ အဲဒီ ၁၀၀၀ နဲ့ အရင်းအတိုင်းမရောင်းစေဘဲ သတ်မှတ်ပြီးတော့ ၁၅၀၀ ဖြစ်ဖြစ်၊ အဲဒီလိုသတ်မှတ်ပေးမယ်ဆိုရင် တောင်သူလယ်သမားတွေဟာများစွာ သူတို့ဘဝအတွက် အာမခံချက် ရှိမှာဖြစ်ပါတယ်။ အဲဒီတော့ လယ်ကို စွန့်ပစ်ရမယ့်အနေအထား၊ လယ်လုပ်ငန်းကို စိတ်ပျက်ပြီးတော့ မလုပ်ချင်တဲ့ အနေအထား တွေမရောက်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုပဲ ဖြစ်ဖြစ်နေ ဒီဦးအောင်ဇင်ရဲ့ အဆိုဟာ တောင်သူလယ်သမားရဲ့ အကျိုးကို ရှေးရှုတာဖြစ်လို့ လက်ရှိအနေအထားမှာ မလုပ်နိုင်ပေမယ့် တနေ့နေ့တစ်ချိန်ချိန် အခြေအနေပေးတဲ့အခါမှာ လုပ်ပေးနိုင်မယ်ဆိုရင်တော့ တောင်သူလယ်သမား တွေ များစွာဝမ်းသာအားရစရာ ဖြစ်လာနိုင်စရာ အကြောင်းရှိပါတယ်။ လုပ်ငန်းတစ်ခုဟာ မလုပ်ရသေးပဲနဲ့ ဆုံးရှုံးမှုရှိမယ်၊ နစ်နာမှုရှိတယ်ဆိုတဲ့ အဆိုဟာ ခန့်မှန်းအဆိုတွေပါ။ အဲဒီလိုခန့်မှန်းတဲ့ ဆုံးရှုံးနစ်နာမယ်ဆိုတဲ့အထဲမှာ တကယ်လုပ်တဲ့ အခါကျတော့ ပိုပြီးတော့အောင်မြင်တဲ့ အနေအထား ရှိကောင်းရှိပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ ဦးအောင်ဇင်ရဲ့ အဆိုကို တောင်သူလယ်သမား များ၏ ကိုယ်စားထောက်ခံရင်း နိဂုံးချုပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကိုကြီး ၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**ဦးကိုကြီး (အောင်မြေသာစံ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များကို ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ တောင်းဆုပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး ၊ အောင်မြေသာစံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရဲ့ ဒုတိယဥက္ကဋ္ဌ

ဖြစ်သလို မန္တလေးမြို့ ကုန်သည်ပွဲစား စက်ပိုင်များ၏ မဟာကထိန်တော်အသင်း၊ မန္တလေး ကုန်စည်ဒိုင်ကြီးရဲ့ ဒုတိယဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံလုပ်ငန်းကို နှစ်ပေါင်း ၄၀ကျော် လုပ်ကိုင်ခြင်း အတွေ့အကြုံရှိပြီးတော့ ယခုတိုင် လုပ်ကိုင်ဆဲ ဖြစ်ပါတယ်။ ဥပဒေအဆိုတစ်ရပ်တင်သွင်းတဲ့ ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်မြေရဲ့ ကိုယ်ရေးအကျဉ်းချုပ်ကို လေ့လာတဲ့အခါ ပန်းချီဆရာတစ်ဦးဖြစ်သော်လည်း တောင်သူလယ်သမား များ၏ ထွက်ကုန်သီးနှံနဲ့ ဈေးနှုန်းကိစ္စများအပေါ် စိတ်ဝင်စားသူတစ်ဦးဖြစ်၍ လေးစားမိပါကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။

ဦးအောင်ဇင်ရဲ့အဆိုမှာ တောင်သူလယ်သမားရဲ့ ထွက်ကုန်များကို တည်ငြိမ်သော ဈေးနှုန်းရရှိစေခြင်းငှာ ၊ သင့်တင့်သောထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထားခွင့်ပြုရေးဆိုတဲ့ အဆိုကို ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းပေးရန် တင်သွင်းသွား ပါတယ်။ ၎င်းတင်သွင်းခြင်းနှင့် ပတ်သက်၍ ကျွန်တော်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ဟာ ကောင်းသော်လည်း အောက်ပါ တင်ပြဆွေးနွေးချက်များကို ထည့်သွင်း စဉ်းစားသင့် သည်ဟု ယူဆမိပါတယ်။

မြန်မာနိုင်ငံဟာ သီးနှံမျိုးစုံစိုက်ပျိုးထွက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနဲ့ အခြားသောသီးနှံမျိုးစုံပေါင်းတဲ့အခါမှာ အမျိုးအစားပေါင်း ၁၀၀ ကျော် ၂၀၀ နီးပါးလောက် ရှိနေပါတယ်။ ၎င်းသီးနှံများမှ တချို့သီးနှံဟာ တစ်နှစ်ထဲမှာပဲ နှစ်ကြိမ်၊ သုံးကြိမ် စိုက်ပျိုးထွက်ရှိ၍ အချို့သီးနှံဟာ တစ်ကြိမ်အနည်းဆုံးထွက်ရှိပါတယ်။ ထွက်ရှိသမျှ သီးနှံကို ပြည်ပကို ပုံမှန်တင်ပို့နေမယ်ဆိုရင် ပြည်ပဝင်ငွေ (Export Earning) ဟာ ပုံမှန် ရရှိနေမှာ ဖြစ်ပါတယ်။ ၎င်းသီးနှံများကို ထိန်းသိမ်းပြီးတော့ လှောင်ထားလိုက်မယ်ဆိုရင်တော့ ပြည်ပကို ပုံမှန်တင်ပို့ ရောင်းချခြင်းဆိုတဲ့ ရေစီးကြောင်း (Flow) များ ရပ်ဆိုင်းသွားနိုင်ပါတယ်။ ထို့အတူဘဲ ပြည်တွင်းမှာ ရှိတဲ့ ကုန်စည်ဒိုင်များမှာလည်း ရောင်းဝယ်မှု ပုံမှန်(Flow) များ ရပ်ဆိုင်းသွားနိုင်ပါတယ်။ ကျွန်တော်တို့ ကုန်စည်ဆိုတာ ကာလများစွာကြာသွားလျှင် အရည်အသွေးကျဆင်း၍ လမှ နှစ်သို့ ကူးသွားမယ်ဆိုရင် အရည်အသွေးဟာထပ်မံကျဆင်းသွားပြီး (Old Crop)များ ဖြစ်သွားပါတယ်။ ကမ္ဘာ့သီးနှံ ဈေးကွက်မှာဆိုလို့ရှိရင် (Old Crop)သီးနှံမှာ (New Crop)သီးနှံထက် ဈေးနှုန်းများစွာ လျော့နည်း ရခြင်း၊ အလေးချိန်လျော့သွားခြင်း၊ သိုလှောင်စရိတ်များတက်လာခြင်း ကျွန်တော်တို့ မလွဲမသွေ ကြုံရမှာဖြစ်ပါတယ်။ ထို့ကြောင့် ၎င်းစရိတ်များ အထွေထွေပေါင်းရင် ဈေးတက်လာရင် ရမည်ဖြစ်တဲ့ ငွေထက်ပို၍ ကုန်ကျမှုများလာနိုင်ပါတယ်။ ကျွန်တော်တို့ မှန်းတော့ မှန်းပါရဲ့ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ဘဲနဲ့၊ ဈေးနှုန်းဟာမတက်လာဘဲ ကျဆင်းသွားမယ်ဆိုရင် ဆင်ဖိုးထက် ချွန်းဖိုးကြီးသွား နိုင်ပါတယ်။

နောက်တစ်ချက်က ယခုအခါကမ္ဘာမှာ သီးနှံများကို ရေရှည်ထိန်းသိမ်း သိုလှောင်ထားခြင်းထက် ပိုမိုပြီးတော့ အဆင့်မြင့်တဲ့ ကုန်ချောများအဖြစ် ထုတ်လုပ်ပြီးတော့ (Value Added) ပြုလုပ်ပြီးတော့ နိုင်ငံတကာဈေးကွက်ကြိုက်ကုန်ချော အနေနဲ့ တင်ပို့ရောင်းချနိုင်လျှင် ဈေးလည်းများစွာပိုရပြီး စိုက်ပျိုးတဲ့တောင်သူများအတွက်လည်း ဝင်ငွေများစွာ တိုး၍ ရနိုင်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်မှ တင်သွင်းတဲ့အဆိုကို စေတနာနဲ့ ရည်ရွယ်ချက်ကောင်းသော်လည်းပဲ ဆောင်ရွက်ရန် မသင့်သေးဟု ယူဆမိတဲ့အတွက် ပြန်လည် ရုပ်သိမ်းသင့်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

## ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့ဝင်က ပြန်လည်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၄၃။**

**ဦးတင်နိုင်သိန်း (ဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစား အပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု အပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် တင်ပြတဲ့ တောင်သူလယ်သမားရဲ့ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိ စေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခသတ်မှတ်၍ အစိုးရနဲ့ ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထား ခွင့်ပြုရေး ဥပဒေ တစ်ရပ်ပြဋ္ဌာန်းပေးပါရန်အဆိုနှင့် စပ်လျဉ်းပြီး ကျွန်တော် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဦးတင်နိုင်သိန်း က ရှင်းလင်းတင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် အဆိုကို တင်သွင်းထားတဲ့ ရေးသားဖော်ပြချက် ၊ ပထမ တစ်ချက်မှာ နှစ်စဉ်ထွက်ရှိတဲ့ စပါးသီးနှံအပေါ် အာမခံထားရှိနိုင်တဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေး တင်ပြထားတာ တွေ့ရှိရပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၊ မြန်မာ့အာမခံလုပ်ငန်းကို ဆက်သွယ်မေးမြန်းတဲ့အခါ ကောက်ပဲသီးနှံအာမခံ (Crop Insurance) မိမိတို့နိုင်ငံမှာ မရှိသေးကြောင်း၊ ထွက်ရှိသော သီးနှံဖြစ်၍ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအပေါင်ထား၍ အာမခံထားခြင်းမျိုးရှိသော်လည်း ကောက်ပဲသီးနှံကို အပေါင်ထားပါက တန်ဘိုးဖြတ်ရခက်ခဲခြင်း၊ ပျက်စီးလွယ်ခြင်း၊ ပျက်စီးမှု အလားအလာကို တိုင်းတာရခက်ခဲခြင်းတို့ကြောင့် အာမခံလက်မခံ

ပါကြောင်း ၊ ယခုအဆိုပြုတဲ့ကိစ္စမှာ စပါးသီးနှံကို အပေါင်ထား၍ ငွေချေးခြင်းမဟုတ်ဘဲ အခကြေးငွေ ပေး၍ အပ်နှံထားခြင်းကိစ္စသာဖြစ်သဖြင့် အာမခံဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အကျုံးမဝင် ပါကြောင်း သက်ဆိုင်ရာဌာနကိုယ်စား ရှင်းလင်းတင်ပြအပ်ပါတယ်။ ဦးအောင်ဇင်ရဲ့ အဆို ဒုတိယ ဖော်ပြချက်မှာ ထွက်ကုန်သီးနှံကို တည်ငြိမ်သောဈေးရရှိစေခြင်းငှာ၊ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန်၊ အပ်နှံမှုအပေါ် တစ်စုံတစ်ရာချို့ယွင်းပျက်စီးပါက အပ်နှံသူမှ အလျော်ရလိုကြောင်း တိုင်ကြားခွင့် ရရှိရေးစသည်ဖြင့် ဖော်ပြထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရရင် ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅အရ နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေး စနစ်ကို ကျင့်သုံးဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ အနေနဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုများနှင့် စီးပွားရေးလုပ်ငန်းများမှာ ဝင်ရောက်စွက်ဖက် လုပ်ကိုင်ခြင်း မပြုတော့ဘဲ ပုဂ္ဂလိက ကဏ္ဍကသာဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာ လုပ်ကိုင် သွားကြရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ဒေသအလိုက် စက်ပိုင်ကုန်သည်ပွဲစားများနဲ့ တောင်သူလယ်သမားများဟာ ဒေသဓလေ့ထုံးစံများအရ သီးနှံများအပ်နှံခြင်း၊ သိုလှောင်ခြင်း၊ ဈေးဖြတ်ခြင်း ၊ ရောင်းချခြင်းများကို ဆောင်ရွက်နေကြတာ ရှိပါတယ်။ ထိုသို့ဆောင်ရွက်ကြရာမှာ ကုန်သည်ပွဲစားများက ဈေးနှိမ်ခြင်း၊ ဈေးကစားခြယ်လှယ်ခြင်း၊ မမှန်မကန်ပြုလုပ်ခြင်းများကြောင့် တောင်သူလယ်သမားများ ရသင့်ရထိုက်တဲ့ ဈေးမရခြင်းမဖြစ်စေဘဲ၊ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားကာကွယ်နိုင်ရန်အတွက် ဦးအောင်ဇင်အနေနဲ့ စပါးသီးနှံတရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေ တစ်ရပ်ကို အဆိုပြုတင်သွင်းခြင်းဖြစ်တယ်လို့ ယူဆရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ မှာ နိုင်ငံတော်ဟာ တောင်သူလယ်သမားများရဲ့ -

(က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်း ဆောင်ရွက်မည် ။

(ခ) စိုက်ပျိုးထုတ်လုပ်တဲ့ ကောက်ပဲသီးနှံများ သင့်တင့်မျှတတဲ့ တန်ဖိုးရရှိရန် ကူညီ ဆောင်ရွက်မည်ဆိုပြီး ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။

ဦးအောင်ဇင်ရဲ့ အဆိုတင်ပြချက်မှာ တောင်သူလယ်သမားများရဲ့ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ထွက်ရှိတဲ့ စပါးသီးနှံကို အာမခံထားရှိနိုင်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်နဲ့ သီးနှံများတရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် အဆိုပြု တင်ပြချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တောင်သူလယ်သမားများရဲ့ အခွင့်အရေးနှင့်အညီ အဆို

တင်ပြမှု ဖြစ်သော်လည်း ၊ လက်တွေ့ဆောင်ရွက်ရာမှာ တောင်သူလယ်သမားတစ်ဦးချင်းက ၎င်းတို့ ပိုင်ဆိုင်တဲ့ သီးနှံပစ္စည်းများကို အစိုးရနဲ့ ပုဂ္ဂလိကတို့ထံ အပ်နှံခြင်းဟာ အပ်နှံသူနဲ့ လက်ခံသူ နှစ်ဦး နှစ်ဖက်ကြား ဆန္ဒနဲ့ ကတိကဝတ်များအရ သဘောတူမှသာလျှင် ဆောင်ရွက်သင့်ပြီး အစိုးရက ဝင်ရောက်စွက်ဖက်အပ်နှံ ထိန်းသိမ်းရန် အမိန့်ပေးခြင်း၊ ထိန်းသိမ်းခသတ်မှတ်ခြင်း၊ လွှဲပြောင်း အပ်နှံရေးများတွင် ဝင်ရောက်စွက်ဖက်ခြင်း တစ်စုံတစ်ရာပြုလုပ်မည်ဆိုပါက အတိတ်က တွေ့ကြုံခဲ့ပြီး တဲ့ အစိုးရ စပါးဒိုင်နဲ့သိုလှောင်ရုံများရဲ့ မမှန်မကန်ဆောင်ရွက်မှု ၊ တောင်သူလယ်သမားများရဲ့ မကျေ လည်မှု၊ လေလွင့်ဆုံးရှုံးမှုနှင့် အမှုအခင်းပြဿနာများထပ်မံကြုံတွေ့လာနိုင်ပါတယ်။ ဒါ့အပြင် အစိုးရ သာမက ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်တစ်ဦးက သီးနှံပမာဏများစွာကို လက်ခံသိုလှောင် ထိန်းသိမ်းနိုင်စွမ်းရှိရန်နဲ့ ချို့ယွင်းပျက်စီးမှုမရှိအောင် လုပ်ဆောင်နိုင်ရေးအတွက် သိုလှောင်ရုံများစွာ နဲ့ ဝန်ထမ်းများစွာ ခန့်ထား အုပ်ချုပ်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ယခုအချိန်အခါမှာ နိုင်ငံပိုင်သိုလှောင်ရုံများကို Privatization ပုဂ္ဂလိကပိုင်ပြုလုပ်ရောင်းချပေးခဲ့တဲ့အတွက် အစိုးရဌာန များတွင် သိုလှောင်ရန် အခက်အခဲရှိပါတယ်။ ဒါ့အပြင် သီးနှံအရည်အသွေး အမျိုးအစား သတ်မှတ် ထိန်းသိမ်းရေးကိစ္စတွေမှာ အငြင်းပွားမှုများ ၊ မလိုလားအပ်တဲ့အလေအလွင့်နဲ့ မသမာမှုများ၊ ပြဿနာ များ၊ မဖြစ်ရအောင် စီမံခန့်ခွဲအုပ်ချုပ်နိုင်မှုပမာဏ ကြီးမားကျယ်ပြန့်တဲ့အတွက် နိုင်နိုင်နင်းနင်း လုပ်နိုင်၊ မလုပ်နိုင်၊ အလေးအနက် စဉ်းစားတွက်ချက်စီမံရန် အချိန်ယူဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ လေးလ၊ ငါးလနဲ့ စိုက်ပျိုး ထွက်ရှိတဲ့ သီးနှံများကို ဈေးပိုမိုရအောင် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အဖြစ်သန့်စင်အချောပြုလုပ်ပြီး လတ်လတ်ဆတ်ဆတ်နဲ့ ဈေးကွက်မှာ ရောင်းနိုင် အောင်၊ ဈေးကောင်းရအောင်ကြိုးစားနေကြတဲ့အချိန်မှာ အချိန်ကြာကြာ သိုလှောင်ထားပြီး အရည် အသွေးကျ၊ ဈေးကျ၊ အလေးချိန်လျော့ ပိုးထိုးတတ်တဲ့ သဘာဝကြောင့် ကုန်ကျစရိတ် ပိုမိုပြီးဈေးမရတဲ့ အခြေအနေမျိုး မရောက်အောင်များစွာ စဉ်းစားဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဈေးကွက်မှာလည်း (Commodity Flow , Capital Flow )ကုန်လည်ပတ်မှု၊ ငွေလည်ပတ်မှုဟာ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါတဲ့ အချက်ဖြစ်လို့ ကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှု မြန်မြန် လုပ်နိုင်လေ၊ အကျိုးစီးပွား ဖြစ်ထွန်းလေဖြစ်တာကိုလည်း စဉ်းစားတွက်ချက်ဖို့ လိုမှာဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်ရယူရာမှာလည်း သင့်တင့်သော ထိန်းသိမ်းခသတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံတရားဝင်အပ်နှံထားခွင့်ပြုပြီး စပါး ဈေးကောင်းရသည့်အခါ ပြန်လည်ထုတ်ယူရောင်းချနိုင်ပါက ကျေးလက်စီးပွားရေး တိုးတက်မှုကို အားဖြည့်ပေးနိုင်မယ်လို့ ယူဆဖွယ်ရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကောင်းမွန် တဲ့ သိုလှောင်ရုံများ လုံလောက်မှုမရှိခြင်း၊ စပါးမျိုးကွဲများအရေအတွက် များပြားလို့ခွဲခြား ထိန်းသိမ်း

ရန် ခက်ခဲခြင်း၊ အရင်းအနှီးကြီးမားခြင်း၊ တောင်သူလယ်သမားရဲ့ ယုံကြည်စိတ်ချအားထားမှု တည်ဆောက်ရန် အချိန်များစွာလိုအပ်ခြင်း၊ တောင်သူလယ်သမားများအနေနဲ့ ငွေကြေး အခက်အခဲရှိ၍ ဈေးကောင်းသည်အထိ မစောင့်ဆိုင်းနိုင်ခြင်း၊ သိုလှောင်သိမ်းဆည်းထားသော်လည်း သီးနှံဈေးကောင်းရမည်၊ မရမည် သေချာမှုမရှိခြင်းနှင့် အပျက်အစီး အလေအလွင့်နဲ့ အလျော့မရှိအောင် ထိန်းသိမ်းရန် ခက်ခဲခြင်းစတဲ့အခက်အခဲများကို ကြုံတွေ့ရမှာဖြစ်ကြောင်း ဖော်ပြပြန်ကြားထားပါတယ်။ သို့ပါ၍ ဦးအောင်ဇင်ရဲ့ အဆိုတင်ပြချက်ဟာ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားကာကွယ်စောင့်ရှောက်နိုင်ရန်၊ သီးနှံဈေးနှုန်းများ ရရှိစေရန် တင်ပြခြင်းဖြစ်တဲ့ အတွက်ကြောင့် ရည်ရွယ်ချက်စေတနာ ကောင်းမွန်သော်လည်း အစိုးရပိုင်းရော၊ ပုဂ္ဂလိကပိုင်းပါ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အခက်အခဲပြဿနာများစွာ ကြုံတွေ့လာနိုင်တဲ့ အတွက် ဦးအောင်ဇင်ရဲ့ အဆိုကို ဆောင်ရွက်ရန် မသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင်ရဲ့ အဆိုကို ဆွေးနွေးသူ လေးဦးရှိပါတယ်။ လေးဦးအနက် သုံးဦးက အတွေ့အကြုံနဲ့ ဒီနေ့ဖြစ်ပျက်တဲ့ အခြေအနေကို မူတည်ပြီးတော့ ကန့်ကွက်တဲ့ ဆွေးနွေးမှုများပြုသွားပါတယ်။ တစ်ဦးကတော့ တစ်ပိုင်းတစ်စအနေနဲ့ ထောက်ခံပြောဆိုပြီး အဆိုကို ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုကိုယ်စားလှယ်ကတော့ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးတော့ ဆွေးနွေးသွားပါတယ်။ အဲဒီလို ဆွေးနွေးတဲ့ အခါ ခြုံကြည့်မယ်ဆိုရင် ကျွန်တော်တို့ သတိပြုရမယ့် အချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရပါမယ်။ ဒီအတိုင်းဘဲ အများပြည်သူရဲ့ အကျိုးစီးပွားကိုလည်း လေးစားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့အဆိုတင်သွင်းမှုဟာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးဖို့ ဆိုတဲ့ အခြေအနေအထိ ရှိနေပါတယ်။ ဒီလိုဆိုရင် ခုန ကျွန်တော်ဆွေးနွေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားဖို့၊ အများပြည်သူအကျိုးစီးပွားကို လေးစားမှာဖြစ်လို့ ဒီအဆိုဟာတော့ ဆွေးနွေးရန် မလိုအပ်သေးကြောင်း၊ မလိုအပ်တော့ကြောင်း ကျွန်တော့်အနေနဲ့ ဒီလိုပဲ ယူဆပါတယ်။ ဒါကြောင့်မို့ ကာယကံရှင်၊ တင်ပြခဲ့တဲ့ ဦးအောင်ဇင်ရဲ့ သဘောထားကို သိလိုပါတယ်။

**ဦးအောင်ဇင် (ပုဇွန်တောင် မဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်း ကျန်းမာရွှင်လန်းကြပါစေလို့ ဆန္ဒပြုရင်းနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ဇင် ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်က ပန်းချီဆရာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ရဲ့ မိဘများဟာဆိုရင် တောင်သူလယ်သမားများဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေရဲ့ အကျိုးဖြစ်ဖို့အတွက် ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားပြီး တင်ပြခြင်း

ဖြစ်ပါတယ်။ အခုလို ကျွန်တော်ရဲ့ အားနည်းချက်တွေ၊ လိုအပ်ချက်တွေကို ဖြည့်စွက်ဆွေးနွေးပြီး တင်ပြသွားတဲ့ ကိုယ်စားလှယ်ကြီးများနဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များကို အထူးပဲ ကျေးဇူးတင်ရှိပြီး ကျွန်တော်ရဲ့ အဆိုကို ရုပ်သိမ်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဇင်ရဲ့ စေတနာကိုလည်း အားလုံးက လေးစားကြောင်းပြောပြီးပါပြီ။ ဒီလိုပါဘဲ ကျွန်တော်တို့ အတွေ့အကြုံပေါ်မူတည်ပြီးတော့ ဒီလိုဆွေးနွေးရင်းနဲ့ပဲ ကောင်းတဲ့အဖြေတွေ ရရှိသွားမှာဖြစ်ပါတယ်။ ခါတိုင်းတော့ ကျွန်တော်တို့ နေ့လယ်စာ စားသုံးဖို့ ၁၂း၃၀ နာရီမှာ ရပ်နားပါတယ်။ ဒီနေ့တော့ အဆိုတင်သွင်းတဲ့ မူလသုံးဦးရှိတာကနေပြီးတော့ တစ်ခုက ကျွန်တော်တို့ ရက်ပြောင်း တင်သွင်းမယ်ဆိုတာ လာရောက်ပြီးတော့ သတင်းပို့ထားပါတယ်။ ထို့နည်းတူစွာပဲ ထမင်းစားပြီး နောက်ပိုင်းမှာ သီးခြား၊ သီးခြားဆောင်ရွက်စရာတွေရှိတဲ့အတွက် ကျွန်တော် ဆက်ပြီးတော့ ၁၅ မိနစ်၊ မိနစ် ၂၀ခန့် ဆက်ပြီးတော့ အစည်းအဝေးကို ဆက်ပြီးလုပ်ပါမယ်။

**ဦးမောင်ညို၊ စစ်တွေမဲဆန္ဒနယ်၏ “ မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အား ရရှိထားပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ မီတာခ နှုန်းထားများကို တစ်ပြေးညီနှုန်းထားအဖြစ် ကောက်ခံခြင်းပြုပါရန်” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၅၅ ။**

**ဥက္ကဋ္ဌ**။ ။စစ်တွေ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုက အဆိုတစ်ရပ် တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(က)အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အား လွှတ်တော်ဥက္ကဋ္ဌက ဖိတ်ခေါ်ပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန်ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေ မဲဆန္ဒနယ်)**။ ။အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိထားပြီးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ လျှပ်စစ်မီတာနှုန်းထားများကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံခြင်းပြုရန် အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်။ အနာဂတ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ မဟာဓာတ်အားလိုင်းများဖြင့် လျှပ်စစ်ဓာတ်အား

ပေးရန် စီမံကိန်းရှိကြောင်း ကြားသိရပါသည်။ သို့သော်ကြားကာလအတွင်း မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားရရှိထားပြီးသော ဒေသများနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌ လျှပ်စစ်မီတာနှုန်းထားများကို တစ်ပြေးညီနှုန်းထားဖြင့်ကောက်ခံခြင်းပြုပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတွင် ယခုအခါ မီး ၂၄ နာရီရရှိပြီး၊ မီတာ ၁ ယူနစ် ဈေးနှုန်းမှာ ၂၅/- မှ ၅ဝ/- ဖြစ်ပါတယ်ခင်ဗျား။ သို့သော်လည်း တချို့ဒေသမှာ ၂၅ဝ/- တချို့ဒေသမှာ ၆ဝဝ/- ရှိကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ် ၊ စစ်တွေမြို့နယ်တွင် မီး ၄ နာရီခန့်သာ ရရှိပြီး၊ မီတာ ၁ ယူနစ်ကို ၄၅ဝ/- မှ ၅ဝဝ/- ထိ ဖြစ်နေပါတယ်။ မြန်မာတစ်နိုင်ငံလုံးတွင် မီတာထိန်းသိမ်းခနှုန်း ၁ဝဝဝ/- ကောက်ခံခြင်းမှာ တစ်ပြေးညီဖြစ်သော်လည်း မီတာတစ်ယူနစ်နှုန်းထား ကောက်ခံနှုန်းမှာ အလွန်ကွာဟ နေပါတယ်။ ရခိုင်ပြည်နယ် ၊ သံတွဲက ဦးရဲထွန်းမေးသည့်မေးခွန်းကို သက်ဆိုင်ရာက ဖြေကြားသည့်အခါ စီးပွားရေးအရ တွက်ချေမကိုက် ကြောင်း ဖြေကြားသွားပါတယ်။

ဌာနဆိုင်ရာများတွင် ရှုံးသည်လည်းရှိပါတယ်။ မြတ်သည်လည်းရှိပါတယ်။ အရှုံးကိုရင်ဆိုင်ရ၍ နောက်ဆုတ်ပါက ပြည်သူများ နစ်နာသွားမှာဖြစ်ပါတယ်။ လောကပါလတရားအရ နိုင်ငံတော်က အနစ်နာခံ၍ ပေးကမ်းစွန့်ကြပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ချစ်စရာကောင်းသော၊ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံဖြစ်ပါလိမ့်မယ်။ သို့ဖြစ်ပါ၍ အနာဂတ်တွင် မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားလိုင်း ရရှိပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများတွင် လျှပ်စစ်ဓာတ်အားခနှုန်းများကို နိုင်ငံတော်အနေနဲ့ အရှုံးကိုပဓာနမထားဘဲ စည်းလုံးညီညွတ်မှုကို အဓိကထား၍ တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန် အဆိုတင်သွင်း ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးမောင်ညို တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ (ရသေ့တောင် မဲဆန္ဒနယ်)** ။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သပါတယ်ရှင် ။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စစ်တွေ မဲဆန္ဒနယ်မှ အဘ ဦးမောင်ညို တင်သွင်းတဲ့ မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားရရှိထားပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မရရှိသေးတဲ့ အချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် လျှပ်စစ်မီတာခ နှုန်းထားများကို တစ်ပြေးညီ

နှုန်းထားနှင့် ကောက်ခံခြင်းပြုပါရန် အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ညိုတင်သွင်းတဲ့အဆိုကို ဒေါ်ခင်စောဝေက ထောက်ခံသွားပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် ၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဦးမောင်ညိုတင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က သဘောတူတဲ့အတွက် ဦးမောင်ညိုတင်သွင်းတဲ့ မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားရရှိထားပြီးသော တိုင်းဒေသကြီး များနှင့် ပြည်နယ်များ နည်းတူ မရရှိသေးသည့် အချို့သောတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ လျှပ်စစ်မီတာခ နှုန်းထား များကို တစ်ပြေးညီ နှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန်အဆို ကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ**။ ။ဦးမောင်ညို တင်သွင်းတဲ့ အဆိုကို ၂၀၁၁ခုနှစ် ၊ မတ်လ ၂၁ ရက် (တနင်္လာနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၂ ရက်မြောက်နေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ် ၁၂ ကို ရွှေ့ဆိုင်းထားပါတယ်။ ဒီအစီအစဉ်ကို ၂၂-၄-၂၀၁၁ ရက်မှာ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဦးပွင့်ဆန်းက နိုင်ငံတကာ အဆင့်မီ လူမှုဖူလုံရေး ဥပဒေတစ်ရပ် မူကြမ်း ရေးဆွဲ ပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေး နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန် အဆိုကို တင်သွင်းထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ အဆိုတင်သွင်းသူ အားဖိတ်ခေါ်ပါတယ်။

## ဦးပွင့်ဆန်း၊ မရမ်းကုန်းမဲဆန္ဒနယ်၏ “ နိုင်ငံတကာ အဆင့်မီ လူမှုဖူလုံရေးဥပဒေသစ် တစ်ရပ် မူကြမ်းရေးဆွဲ ပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၀၃ ။**

**ဦးပွင့်ဆန်း(မရမ်းကုန်း မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ပွင့်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ လက်ရှိ ကျင့်သုံးနေတဲ့ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေး ဥပဒေကို ပြန်လည်သုံးသပ်ပြီး ခေတ်စနစ်လျော်ညီစွာ နိုင်ငံတကာအဆင့်မှီ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲ ပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါ ရန် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ် ၊ ပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြသော ပြည်ထောင်စု ဥပဒေပြု စာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံး အတွက်သော်လည်းကောင်း ၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဇယား ၁၊ အပိုဒ် ၉ လူမှုရေး ကဏ္ဍရဲ့ အပိုဒ်ခွဲ (ထ) မှာ လူမှုဖူလုံရေးနဲ့ ပတ်သက်တဲ့ ဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်ရန် ဖော်ပြပါရှိပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ မှာ နိုင်ငံတော်သည် အလုပ်သမား များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်း ဆောင်ရွက်မည် ဟု လည်းကောင်း၊ ပုဒ်မ ၂၆(ခ)မှာ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက် ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုး ခံစားခွင့် ရရှိရေးနဲ့ အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု၊ သက်သာချောင်ချိမှုအတွက် လိုအပ် သည့် ဥပဒေများ ပြဋ္ဌာန်းရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၈ (က)မှာ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထား ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၁ မှာ နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟု

လည်းကောင်း၊ ပုဒ်မ ၃၂(က)မှာ နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သား၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၁ မှာ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်ဟုလည်းကောင်း ဖော်ပြထားပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ၁၉၅၄ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေဟာ အာမခံထားရှိတဲ့ အလုပ်သမားများအပေါ် မမာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများအတွက်သာ အကျိုးခံစားခွင့်များ ပေးနိုင်ခြင်းကြောင့် တစ်ကြောင်း၊ ရရှိတဲ့ အကျိုးခံစားခွင့်ငွေပမာဏများဟာ မျက်မှောက်ခေတ် အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ရင် နည်းပါးနေခြင်းကြောင့် တစ်ကြောင်း ၊ အလုပ်ရှင်နဲ့ အလုပ်သမားအများစုတို့ရဲ့ အားကိုးယုံကြည်မှုကို ထိုက်သင့်သလောက်မရရှိတဲ့အခြေအနေကို တွေ့ရှိရပါတယ်။ ဒီလိုအခြေ အနေတွေကြောင့် မြန်မာနိုင်ငံမှာအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားအင်အားများနဲ့နှိုင်းယှဉ်ရင် လူမှုဖူလုံရေးစီမံကိန်းမှာ အကျုံးဝင်နေတဲ့ အလုပ်သမားအင်အားဟာ ငါးသိန်းကျော်သာရှိနေသေးတဲ့ အတွက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ဖို့အတွက်ကို ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန် လိုအပ်နေပြီလို့သုံးသပ် တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။အချို့ နိုင်ငံများနဲ့ အိမ်နီးချင်း နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တို့မှာ ကျင့်သုံးလျက်ရှိတဲ့ လူမှုဖူလုံရေး စီမံကိန်း များနည်းတူ လက်ရှိခံစားခွင့်ရှိနေတဲ့ အကျိုးခံစားခွင့် အမျိုးအစားများအပြင် မမာမကျန်းမှုကြောင့် မသန်မစွမ်း ဖြစ်ပါကခံစားခွင့်များ၊ အသက်အရွယ်ကြီးရင့်မှုကြောင့် အလုပ်မလုပ်နိုင်တော့တဲ့ အချိန်မှာ အငြိမ်းစား ငွေကြေးအကျိုးခံစားခွင့်များ၊ သေဆုံးသွားတဲ့ အလုပ်သမားများရဲ့ ကျန်ရစ်သူ မိသားစု ခံစားခွင့်များ၊ မိမိဆန္ဒအလျှောက်မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် အလုပ်လက်မဲ့ ဖြစ်သွားပါက အလုပ်လက်မဲ့ ငွေကြေးအကျိုးခံစားခွင့်များ၊ ကျွမ်းကျင်မှုသင်တန်းများ သင်ကြားခွင့်နဲ့ အလုပ်အကိုင် ရှာဖွေပေးခြင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုကို အလုပ်သမားများသာမက ထည့်ဝင်ကြေးပေးသွင်းတဲ့ အလုပ်ရှင်များကိုပါ ခံစားခွင့်ပေးနိုင်မယ့် ဥပဒေများပါဝင်တဲ့ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် ရေးဆွဲပြုစုရန် လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အထက်ပါ လိုအပ်ချက်များ ဖြည့်တင်းပေးနိုင်မယ့် နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေး

နိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန် လေးစားစွာဖြင့် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးပွင့်ဆန်း တင်သွင်းထားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မြင့်(တန့်ဆည်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ခင်ဗျား။ နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးကို ဆတက်ထမ်းပိုးတိုးပြီးတော့ ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ၊ တန့်ဆည်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပွင့်ဆန်းအဆိုပြုတင်သွင်းသွားတဲ့ နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးနိုင်ပါရန် အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မရမ်းကုန်းမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ်ဦးပွင့်ဆန်းတင်သွင်းတဲ့ အဆိုကို တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ကထောက်ခံသွားပါတယ်။ ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒကိုရယူပါမယ်။ ဦးပွင့်ဆန်းတင်သွင်းတဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင် တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကသဘောတူတဲ့အတွက် ဒီအဆိုကို ၂၀၁၁ခုနှစ်၊ မတ်လ ၂၁ ရက် ၊ တနင်္လာနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၂ရက်မြောက်နေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်းတင်သွင်းဖို့ ဖြစ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၁ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် ၊ မတ်လ ၂၁ ရက်၊ တနင်္လာနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ၁၃း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]